# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 23 November 2023 ၁၁၂၈၈


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအလှကို ဝေဟင်မှ မိုးပျံပူဖောင်းစီး၍ နိုင်ငံခြားသားခရီးသွားများ ကြည့်ရှုခံစားမှုများလာ



ပြည်တွင်း၊ ပြည်ပခရီးသွားများ ပုဂံဒေသ၏အလှကို ကြည့်ရှုခံစားနိုင်ရန် မိုးပျံပူဖောင်းဖြင့် ဝန်ဆောင်မှုပေးနေစဉ်။

ပုဂံ နိုဝင်ဘာ ၂၂

မြန်မာတို့၏ အသဲနှလုံးဟု တင်စားထားသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးတည်ရှိရာ ပုဂံဒေသ၌ ဆောင်းရာသီသို့ ဝင်ရောက်လာချိန်တွင် သဘာဝအလှတို့ဖြင့် လှပလျက်ရှိရာ ပုဂံသို့လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားအများစုမှာ မိုးပျံပူဖောင်းစီး၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုအလှကို ဝေဟင်မှ ကြည့်ရှုခံစားမှုများလာကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်မှစ၍ ပုဂံဒေသတွင် မိုးပျံပူဖောင်းကုမ္ပဏီသုံးခုက ပြည်တွင်း၊ ပြည်ပခရီးသွားများကို မိုးပျံပူဖောင်းစီးနင်းပြီး အေးမြသောရာသီဥတု၊ နံနက်ခင်းထွက်ပေါ်စ နေရောင်ခြည်နှင့် မြူနှင်းဝေလျက်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှု ဒေသမှ ဘုရား၊ စေတီ၊ ပုထိုးတို့၏ သဘာဝအလှတို့ကို ဝေဟင်မှကြည့်ရှုခံစားနိုင်ရန် ဝန်ဆောင်မှုများ စတင်ပေးခဲ့ရာ သီတင်းကျွတ်ပွဲတော်ကာလ၌ အထူးစည်ကားကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



## မြင်းမူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ ၁၃၂၃၇ ဧက စိုက်ပျိုးမည်

မြင်းမူ နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ဆောင်းသီးနှံကုလားပဲများ စတင်စိုက်ပျိုးလျက်ရှိရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ပဲပေါ်ရာသီတွင် ဈေးကောင်းရရန်မျှော်လင့်ထားကြောင်း သိရသည်။။

တောင်သူအများစုအနေဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် ရေဆင်း(၁၁) ပဲမျိုးကို အဓိကထားစိုက်ပျိုးကြပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုးစေ့၊ ထွန်ယက်ခနှင့်ဆေးဝါးအသုံးပြုခအပါအဝင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်း၌ နိုဝင်ဘာ ၂၆ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၇ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ


### ယနေ့ ဖတ်စရာ

ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို
စာမျက်နှာ » ၄

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ရောင်းချပေးလျက်ရှိ
စာမျက်နှာ » ၇

ပူပင်သောကစုဝေးရာ အမှိုက်ပုံးများ မဖြစ်သင့်ပါ
ဆောင်းပါး စာမျက်နှာ » ၆

သဘောတရားနဲ့ လက်တွေ့ဘဝ
ဆောင်းပါး စာမျက်နှာ » ၁၀

ရွှေဘိုခရိုင်အတွင်း မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ
စာမျက်နှာ » ၁၈

ကြေးမုံ

# စဉ်းစားချင့်ချိန်ဉာဏ်ဖြင့် နိုင်ငံကိုစောင့်ရှောက်

မကောင်းမှုဒုစရိုက်ပြုလုပ်ကြသူများကြား၌ လိမ်ညာလှည့်ဖြားမှုများ ရှိစမြဲ၊ ယုံလွယ်တတ်သူများကြား၌ လိမ်ညာလှည့်ဖြားမှုများရှိစမြဲ။ ထို့ကြောင့် အလိမ်အညာလှည့်ဖြားမှုများသည် လူသားကမ္ဘာ၌ လွှမ်းမိုးနေသည်ကို တွေ့ရမည်ဖြစ်သည်။ လိမ်ညာလှည့်ဖြားမှုများသည် သူ့ချည်းပင် လိမ်ညာလှည့်ဖြားခြင်း မပြုလုပ်နိုင်၊ လိမ်ညာလှည့်ဖြားနိုင်အောင် ကြားခံလူထုဆက်သွယ်ကိရိယာများက ပြုလုပ်ပေးကြသည်။

လိမ်ညာလှည့်ဖြားမှုများသည် လူတစ်ဦးနှင့်တစ်ဦးကြားတွင် ရှိသကဲ့သို့ လူ့အသိုက်အဝန်း၊ အဖွဲ့အစည်းများကြားမှသည် နိုင်ငံနှင့်ချီ၍ လိမ်ညာလှည့်ဖြားမှုများရှိလာသည်။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ကြား၌ လိမ်ညာလှည့်ဖြားမှုသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ကိုသာ ထိခိုက်စေသော်လည်း နိုင်ငံနှင့်ချီ၍ လိမ်ညာလှည့်ဖြားမှုသည် ကြီးမားသောအန္တရာယ်ကိုဖြစ်စေသည်။ မျက်မှောက်ကာလတွင် နိုင်ငံနှင့်ချီ၍ အလိမ်အညာလှည့်ဖြားမှု အတတ်ပညာများ ခေတ်စားလာသည်။ ယင်းတို့ကို ဆိုက်ဝါး သို့မဟုတ် စိတ်ဓာတ်စစ်ဆင်ရေးဟု ဆိုကြသည်။

ဆိုက်ဝါးဆိုသည်မှာ နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးရည်ရွယ်ချက်များ ပြည့်မီရန်အတွက် ပစ်မှတ်ထားသောလူအုပ်စုကို ဝါဒဖြန့်ခြင်းနှင့် စိတ်ပညာဆိုင်ရာ လွှမ်းမိုးချုပ်ကိုင်ခြင်းများပြုလုပ်ခြင်းပင်ဖြစ်သည်။ ဆိုက်ဝါးသည် အသစ်အဆန်းနည်းတော့မဟုတ်ပါ။ သမိုင်းဦးကာလများကတည်းက ပြိုင်ဘက်၏စိတ်ဓာတ်စွမ်းရည်ကျဆင်းစေရန် အသုံးပြုခဲ့သည့်နည်းလမ်းပင်ဖြစ်သည်။ ပထမကမ္ဘာစစ်အတွင်း လက်ကမ်းစာစောင်များ ဖြန့်ဝေသည့်နည်း၊ ဒုတိယကမ္ဘာစစ်အတွင်း အသံလွှင့်ဌာနများမှတစ်ဆင့် ဝါဒဖြန့်ချိနည်း၊ မျက်မှောက်ကာလတွင် အင်တာနက်လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် စိတ်ဓာတ်စစ်ဆင်နည်းများကို အသုံးပြုလာကြသည်။

ဆိုက်ဝါးပရိဂရမ်သည် နူးညံ့သိမ်မွေ့လွန်းသောကြောင့် ရှောင်တိမ်းရန် မလွယ်ကူချေ။ အတွေ့အကြုံဗဟုသုတရှိသူများနှင့် အမှန်တရားကို ရှာဖွေနေသူများပင် ဆိုက်ဝါး၏သားကောင်များဖြစ်နိုင်သေးရာ သာမန်လူများအနေဖြင့်မူ သားကောင်အဖြစ်သို့ ရောက်နိုင်သည်။ မျက်မှောက်ကာလတွင် လူမှုကွန်ရက်စာမျက်နှာများပေါ်၌ သတင်းတု၊ သတင်းမှား၊ ပုံကြီးချဲ့ကားသတင်းများကို ထပ်တလဲလဲလွှင့်ထုတ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

လတ်တလောတွင် အကြမ်းဖက်အဖွဲ့အစည်းများက မဟုတ်မမှန်ဝါဒဖြန့်ချိသည့် သတင်းအချက်အလက်၊ ဓာတ်ပုံ၊ ဗီဒီယိုများကို ပြည်ဖျက်မီဒီယာများမှတစ်ဆင့် အဆက်မပြတ်ထုတ်လွှင့်နေသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအချို့တွင် တပ်မတော်က နယ်မြေဒေသလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် အဆိပ်ဓာတ်ငွေ့သုံး၍ တိုက်ခိုက်လာကြောင်း၊ ရန်ကုန်မြို့တွင် ပေါ်တာဆွဲကြောင်း၊ တက္ကသိုလ်ကျောင်းသားများကို စစ်သင်တန်းတက်ခိုင်းကြောင်း၊ စက်သုံးဆီပြတ်လပ်နေပြီဖြစ်ကြောင်း၊ ဘဏ်များတွင် ငွေထုတ်၍မရကြောင်း စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ မမှန်သတင်းများထုတ်လွှင့်၍ ပြည်သူများတွေဝေအောင် ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

စစ်ရေးပစ်မှတ်မဟုတ်သည့် လှိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်သမားများက ဝင်ရောက်စီးနင်းပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည်ကို ကယ်ထုတ်သွားသည်ဟုလည်းကောင်း၊ ကောင်းမွန်စွာထိန်းသိမ်းထားသည်ဟုလည်းကောင်း၊ ဆရာ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်၍ ၎င်းတို့အလိုကျ အကွက်ဆင်အကျပ်ကိုင်ပြောဆိုရိုက်ကူးထားသော ဗီဒီယိုဖိုင်များကိုအသုံးပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေလိုသည့် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် မဟုတ်မမှန် ဝါဒဖြန့်လုပ်ဆောင်မှုများကို ပြုလုပ်လာကြသည်။ တပ်မတော်အနေဖြင့် အဓမ္မဖမ်းဆီးခံလိုက်ရသော ဆရာ ဆရာမများနှင့် ဝန်ထမ်းမိသားစုများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သတင်းတု၊ လုပ်ကြံသတင်းဆိုသည်မှာ မြေပြင်တွင် ဖြစ်စဉ်လုံးဝမရှိဘဲ အမှန်တကယ်ဖြစ်နေသကဲ့သို့ ဓာတ်ပုံ၊ ဗီဒီယိုများကို ဖြတ်ညှပ်ကပ်ပြုလုပ်၍ လုပ်ကြံဖန်တီးဖော်ပြနေခြင်းဖြစ်သည်။ ပုံဖျက်သတင်းအမှားဆိုသည်မှာ မြေပြင်ဖြစ်စဉ်အမှန်ကို အခြေခံပြီး လိုရာပုံဖော်လိုသည့်အချက်ကို ပုံကြီးချဲ့ကားတင်ပြခြင်းဖြစ်သည်။ အမှား၊ အမှန်ရောထွေး၍ မမှန်မကန်ဖော်ပြခြင်းဖြစ်သည်။ အခြေအမြစ်မရှိသည့် လုပ်ကြံသတင်းများ၊ သတင်းအမှားများကြောင့် ပြည်သူများကြားတွင် သတင်းအဆိပ်အတောက်ဖြစ်စေပြီး ဆင်ခြင်သုံးသပ်နိုင်စွမ်းအားနည်းသည့် ပြည်သူအချို့အနေဖြင့် ယုံလွယ်ကာပူးပေါင်းပါဝင်ပါက အကြမ်းဖက်အားပေးအန္တရာယ်ရှိလာသည်။

သို့ဖြစ်ရာ ပြည်ဖျက်မီဒီယာများနှင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက လူမှုကွန်ရက်များမှတစ်ဆင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်နေကြသလို နောက်ကွယ်မှကြိုးကိုင်စီစဉ်သူများကလည်း ငွေအင်အား၊ နည်းပညာအင်အားများဖြင့် သတင်းမှားများကို ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ရောက်ရှိအောင် မီဒီယာကို လက်နက်သဖွယ် အသုံးချ၍ ဝါဒဖြန့်ချိရေး၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ဆောင်မှုများကို ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ပြီး အမှားအမှန်ခွဲခြားရှုမြင်ကာ မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက်

## အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက်

## အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။
★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။
★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၀၄ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

### ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၄၀၀ | ၇၉၇ | ၆,၇၅၁,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၀၁၆ | ၂,၉၄၁,၄၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၇၉ | ၅၇၆,၇၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၉၇၁ | ၁,၅၁၇,၅၀၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၀ | ၂၄,၅၀၀ |
| EFR | ၂,၀၀၀ | ၂,၀၀၀ | ၂၁၅ | ၄၃၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၄ | ၁၉,၆၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၃၅၅ | ၆၀၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် နိုဝင်ဘာ ၂၂**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားမောင်/မယ်များသည် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အောင်မြင်မှုရရှိရေးအတွက် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းမှာကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

**ရည်ရွယ်ကျင်းပ**

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ပိုက်ကျော်ခြင်း အားကစားသမားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မြန်မာ့ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် နိုင်ငံကိုယ်စားပြု မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း၊ အားကစားသမားစုစုပေါင်း ၂၆၂ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် Yangon International School ကြည့်ရှုစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ဓာတုဗေဒဌာန၌ ဘာသာရပ်မွမ်းမံသင်တန်း (Refresher Course) ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးကာ ယခုကဲ့သို့ စွမ်းရည်မြှင့်သင်တန်းများ စဉ်ဆက်မပြတ် ပို့ချသွားရန်၊ ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ဦးစားပေးစွမ်းရည်(Skills) ငါးမျိုးရရှိအောင် သင်ကြားနည်းစနစ် (Activities) ခုနစ်မျိုးဖြင့် လေ့ကျင့်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရူပဗေဒဌာနသို့ ရောက်ရှိပြီး ပါရဂူဘွဲ့ကြိုတန်း ကျောင်းသားကျောင်းသူများ သင်ယူလေ့ကျင့်နေမှုနှင့်ကျောင်းသားရေးရာဌာန၌ တက္ကသိုလ် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုသည်။

ယင်းနောက် တက္ကသိုလ်များဗဟိုစာကြည့်တိုက်၌ Online Public Access (OPAC) ကက်တလောက်စနစ်၊ Self-check ဖြင့် ကိုယ်တိုင်စာအုပ်များငှားနိုင်သည့်စနစ်၊ ခေတ်မီပညာရပ်မျိုးစုံ ပါရှိသည့် e-Resources online database စနစ်၊ ASEAN Corner၊ ရှားပါးပေစာများကို digitization ပြုလုပ်မှုစနစ်၊ မိုက်ခရိုဖလင်မှ digital format သို့ ကူးပြောင်းမှုစနစ်တို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အပန်းဖြေရိပ်သာ (Recreation Center)ရှိ အားကစားခန်းမ အခြေအနေ၊ ပင်လုံဆောင်ရှိ စာသင်ခန်းများ ပြင်ဆင်ထားရှိမှုနှင့် ပင်းယဆောင်ရှိ ကျောင်းသားအိပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှု၊ ကျောင်းဝင်ကြေးပေးသွင်းနေမှုနှင့် စာသင်ခန်းများ အသင့်ဖြစ်မှုအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

**ဆွေးနွေးမှာကြား**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် Yangon International School (YIS)သို့ ရောက်ရှိပြီး ပြဋ္ဌာန်းထားသော ပုဂ္ဂလိကပညာရေးဥပဒေနှင့်အညီ မြန်မာနိုင်ငံသား ကျောင်းသားလူငယ်များ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရေးနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ရေး ဆွေးနွေးမှာကြားကာ YIS ကျောင်းရှိ စာသင်ခန်းများ၊ အားကစားခန်းမ၊ မြန်မာ့အနုပညာခန်းမ၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်း Campus တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ❒ မြင်းမူမြို့နယ်မှ

ငွေကျပ်တစ်သိန်းရှစ်သောင်းကျော် နှစ်သိန်းနီးပါးကုန်ကျကာ တစ်ဧကလျှင် တင်း ၂၀ ခန့်ထွက်ရှိကြောင်း၊ ယမန်နှစ်ကုလားပဲရောင်းချချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် ရောင်းချရ၍ အရင်းနုတ်ပြီး တစ်ဧကအတွက် အမြတ်ငွေ ၁၅ သိန်းခန့်ရရှိခဲ့ရာ ယခုနှစ်ပဲပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်ထားကြောင်း ပဲစိုက်တောင်သူ ဒေါ်အေးနွယ်ထံမှ သိရသည်။

မြင်းမူမြို့နယ်အနေဖြင့် ယခုနှစ်တွင် ဆောင်းသီးနှံကုလားပဲ ၁၃၂၃၇ ဧကကို စိုက်ပျိုးရန်လျာထားထားပြီးဖြစ်ကြောင်းနှင့် မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းစနစ်များကိုလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မြို့နယ်၏ ကုလားပဲထွက်ရှိမှုအနေဖြင့် ယမန်နှစ်က ပျမ်းမျှတစ်ဧကလျှင် ၁၈ ဒသမ ၇၃ တင်း ထွက်ရှိခဲ့ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူထံမှ သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**

# ငပုတောမြို့၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ငပုတော နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၈၆ သန်းဖြင့် အုန်းပင်စု-သက္ကယ်ချောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ကွန်ကရစ်လမ်း ရေရှည်တည်တံ့ကောင်းမွန်စေရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး) ဦးနေဦး၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်း၊ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မင်းသူတို့က ကွင်းဆင်းစစ်ဆေး၍ အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီ ပြီးစီးရေးတို့ကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စုနှစ်အုပ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၇၅၁ အိမ်နှင့် လူဦးရေ ၃၇၁၅ ဦးအား များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များရောက်ရှိ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်သော ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစစ်သံမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်၍ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်စွန့်ခဲ့ကြသူများအား အလေးပြုကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul အား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ လေတပ်အရာရှိများအား အပြန်အလှန် မိတ်ဆက်ပေးကြပြီး



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်က ဘုရင့်နောင်ရိပ်သာဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ–ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးခရီးစဉ်အဖြစ် အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သင်တန်းသား စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ လေတပ်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များ၊သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန် ကူညီကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာအချက်အလက် ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ် (Humanitarian Assistance and Disaster Relief–HADR)ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား ကြည့်ရှုစစ်ဆေးစဉ်။

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် ထိုင်းဘုရင့်လေတပ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို Jasmine ဟိုတယ်ရှိ ပုဂံဆောင် ကစ္ဆပနဒီခန်းမ၌ ပြုလုပ်ရာ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်နှင့် ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ တက်ရောက်ကာ ညစာကိုအတူတကွ ရင်းရင်းနှီးနှီး သုံးဆောင်ခဲ့ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖျော်ဖြေရေးအဖွဲ့များက တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ထို့ပြင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဆင်ဖြူတော်များအား သွားရောက်လေ့လာကြည့်ရှုခြင်းနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုခဲ့ပြီး ကျောက်စာရုံစေတီတော်များနှင့်သာသနိကအဆောက်အအုံများအား လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ထောပတ်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း၊ ကျန်းမာပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်း မေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**





## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၉/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မြို့တိုင်းရင်းသားပါတီ** ကို မှတ်ပုံတင်အမှတ်(၁၁)၊ ၄-၅-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ်(၁၆/၂၀၂၃)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မြို့တိုင်းရင်းသားပါတီ** က ၂၇-၁၀-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ၅၅/မတပ/၂၀၂၃ ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် ပါတီဗဟိုအလုပ်အမှုဆောင် အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အတူ တင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၃၃/၂၀၂၃)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မြို့တိုင်းရင်းသားပါတီ** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

**( ပုံ ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြဋ္ဌာန်းထားပြီးဖြစ်သော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများ အသုံးပြုခြင်း၊ တင်သွင်းရောင်းချခြင်းတို့ကို စနစ်တကျဖြစ်စေရန်အတွက် လုပ်ထုံးလုပ်နည်းများကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါတွင် မြန်မာနိုင်ငံအတွင်း၌ ဂြိုဟ်တုအင်တာနက် ဝန်ဆောင်မှုများကို တရားမဝင်ဆောင်ရွက်လျက်ရှိပြီး သုံးစွဲသူများအနေဖြင့်လည်း တရားမဝင်ရယူသုံးစွဲလျက်ရှိကြောင်း သတင်းအချက်အလက်များအရ တွေ့ရှိနေရပါသည်။

၃။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ(၅)နှင့် လှိုင်းနှုန်းစဉ်ဆိုင်ရာနည်းဥပဒေ ၅၂(ဂ)တို့တွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာနနှင့် အဖွဲ့အစည်းများသည် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင်လုပ်ကိုင်လိုသည့်အခါနှင့် နိုင်ငံတကာဂြိုဟ်တုအော်ပရေတာများသည် အမှန်တကယ်သုံးစွဲသူ(End User)များသို့ ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးလိုသည့်အခါ လုပ်ငန်းလိုင်စင်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ ထို့အပြင် ဆက်သွယ်ရေး ဥပဒေပုဒ်မ(၁၃)နှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေ ၃၃(က)တို့အရလည်း အောက်ဖော်ပြပါ ဆက်သွယ်ရေးပစ္စည်းများကို လက်ဝယ်ထားရှိရန်နှင့် အသုံးပြုရန်အတွက် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်ရယူရန် လိုအပ်ပါသည်-

(က) ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ-ဂြိုဟ်တုဖုန်း)
(ခ) ရေဒါဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ကိရိယာများ
(ဂ) ရေဒီယိုဆက်သွယ်ရေးပစ္စည်းများ (ဥပမာ-MF, HF, VHF, UHF လှိုင်းနှုန်းသုံး ဆက်သွယ်ရေးပစ္စည်းများ)

၅။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၄)ပါ ဂြိုဟ်တုဆက်သွယ်ရေးပစ္စည်းများနှင့် တရားမဝင် ဂြိုဟ်တုဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို လိုင်စင်ရယူထားခြင်းမရှိဘဲ ဝန်ဆောင်မှုပေးခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်းများမပြုလုပ်ကြရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်အား ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆက်သွယ်ရေးဥပဒေပုဒ်မ (၆၇)နှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



ပြည်တွင်း၊ ပြည်ပခရီးသွားများ ပုဂံဒေသ၏အလှကို ဝေဟင်မှကြည့်ရှုခံစားကြစဉ်။

☆ ရှေ့ဖုံးမှ

"ကျွန်တော်တို့ ပထမဆုံးအကြိမ်ရောက်ပြီး ပထမဆုံး မိုးပျံပူဖောင်း စီးဖြစ်တာပါ။ ကြောက်ဖို့မကောင်းဘူး၊ စီးလို့ကောင်းတယ်။ စီးရတာလွယ်တယ်။ အံ့သြဖို့လည်းကောင်းတယ်။ ပုဂံကဘုရား၊ စေတီတွေ သပ္ပာယ်တယ်။ မြန်မာပြည်က ချစ်ဖို့ကောင်းပြီး မြန်မာလူမျိုးတွေကို ချစ်ပါတယ်"ဟု အိန္ဒိယနိုင်ငံသားတစ်ဦးက မိုးပျံပူဖောင်း စီးနင်းရသောခံစားမှုကို ပြောသည်။

**ကြည့်ရှုခံစား**

ပုဂံဆောင်းရာသီသည် ပုပ္ပားဒေသထက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပိုမိုအေးမြလျက်ရှိရာ အထူးသဖြင့် နိုင်ငံခြားသားခရီးသွားများ အထူးနှစ်ခြိုက်လေ့ရှိပြီး မြေပြင်တွင် မြင်းလှည်း၊ လျှပ်စစ်ဆိုင်ကယ်၊ တုတ်တုတ်နှင့် စက်ဘီးတို့ဖြင့် ဘုရား၊ စေတီနှင့် ဂူများသို့ လေ့လာကြည့်ရှုကြသည့် အပြင် နံနက်ပိုင်းနှင့် ညနေပိုင်းအလှကို မိုးပျံပူဖောင်းများစီးနင်း၍ ကြည့်ရှုခံစားကြလျက်ရှိသည်။

လက်ရှိတွင် မိုးပျံပူဖောင်းကုမ္ပဏီသုံးခုမှ ဝန်ဆောင်မှုပေးလျက်ရှိပြီး ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများနှင့် ချိတ်ဆက်၍လည်းကောင်း၊ ဟိုတယ်များနှင့် ချိတ်ဆက်၍ လည်းကောင်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို မိုးပျံပူဖောင်း စီးနင်းနိုင်ရန် ဝန်ဆောင်မှုများ ပေးလျက်ရှိရာ နံနက်ခင်း နေထွက်စအချိန်တွင်လေထဲသို့ မိုးပျံပူဖောင်းများ စတင်လွှတ်တင်လေ့ရှိသည်။

"ဒီနှစ်ခရီးသွားရာသီမှာ ပုဂံကို အရင်နှစ်ကထက် ခရီးသွားပိုဝင်ရောက်မယ်လို့ မျှော်လင့်ထားတယ်။ ဒီနှစ်မှာ Promotion ချပေးထားတာရှိတယ်။ မိုးပျံပူဖောင်းစီးမယ်ဆိုရင် တစ်လနဲ့တစ်လ နှုန်းထားမတူညီပေမယ့် ဒီနိုဝင်ဘာလမှာ အမေရိကန်ဒေါ်လာ ၁၇၀ ပျမ်းမျှနှုန်း သတ်မှတ်ထားပါတယ်။ Customer များကို ပုဂံယဉ်ကျေးမှုဒေသက နွေးနွေးထွေးထွေး ကြိုဆိုနေပြီးတော့ ကောင်းမွန်တဲ့ အမှတ်တရများစွာကို ဖန်တီးပေးဖို့ အသင့်ရှိနေပါတယ်"ဟု Ballools Over Bagan မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် သီတင်းကျွတ်ပွဲတော်ကာလတွင် ပုဂံဒေသသို့ ခရီးသွားအများဆုံး ဝင်ရောက်ခဲ့သည့်အတွက် တန်ဆောင်တိုင်ပွဲတော်ကာလနှင့် ခရီးသွားရာသီတစ်လျှောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ ခရီးသွားအများဆုံးဝင်ရောက်ဖွယ်ရှိ၍ ပုဂံ၏အလှနှင့် ရောဝတီမြစ်အလှကို ပြည့်ပြည့်ဝဝ ကြည့်ရှုခံစားနိုင်မည့် ဝေဟင်မှ မိုးပျံပူဖောင်း စီးနင်းသော ဝန်ဆောင်မှုကို နိုင်ငံခြားသားများ အထူးနှစ်ခြိုက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

## တောင်ငူမြို့၌ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

**တောင်ငူ နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးညီလာခံကို ကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ မျက်စိရောဂါဌာန ခွဲစိတ်ဆောင်တွင် မျက်စိ(အတွင်းတိမ်) ရောဂါဝေဒနာရှင်လူနာများအား ယနေ့နံနက်ပိုင်းက အခမဲ့ ခွဲစိတ်ကုသပေးကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ယနေ့တွင် တောင်ငူအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ တောင်ငူမြို့နယ်နှင့် အနီးဝန်းကျင်မြို့နယ်များမှ မျက်စိ(အတွင်းတိမ်) လူနာ ၁၅ ဦးအား မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ မျက်စိအထူးကုဆရာဝန်ကြီးက ခွဲစိတ်ကုသပေးသည်။

အဆိုပါခွဲစိတ်ကုသမှုပြီးစီးသည့် လူနာများအား ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက လူနာများအားကြည့်ရှုအားပေးပြီး နေရောင်ခြည်ကာသုံး မျက်မှန်များ၊ မျက်စိသက်သာ ကောင်းမွန်ရေးအတွက် အထောက်အကူပြု ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းခွဲစိတ်ကုသမှုများကို နိုဝင်ဘာ ၁၇ ရက်မှ စတင်ကာ ပထမအကြိမ်အဖြစ် မျက်စိအတွင်းတိမ်ရောဂါဝေဒနာရှင် ၂၃ ဦးအား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တွင် ကျန်ရှိသည့် လူနာ ၃၀ အား ထပ်မံခွဲစိတ်ကုသပေးမည်ဖြစ်သည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များအား စမ်းသပ်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ လိုအပ်သော အားဆေးများ ပေးအပ်ခြင်းများကို တောင်ငူမြို့နယ်ဒေသန္တရကျန်းမာရေးဌာနတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်)**



## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ပူပင်သောကစုဝေးရာ အမှိုက်ပုံးများ မဖြစ်သင့်ပါ

မိုးမြင့်

ကိုဗစ်ဗိုင်းရပ်စ်ပြီးတော့ သတင်းဗိုင်းရပ်စ်က လာပြန်သည်။ ကမ္ဘာ့ရော မြန်မာမှာပါ အတူတူပင်။ ကူးစက်နှုန်းက မခြားနား၊ မြန်လှသည်၊ ကိုဗစ်ဗိုင်းရပ်စ်က တစ်ကမ္ဘာလုံးကို တစ်မုဟုတ်ချင်း ကူးစက်သွားသလို သတင်းတု၊ သတင်းမှားကလည်း စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ပျံ့နှံ့သွားသည်သာ။ ကိုဗစ်ပိုးက လူတွေကို ဆေးမမီ၊ ချက်ချင်းသေသည်အထိ ဒုက္ခပေးခဲ့သလို သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းဆိုသည်ကလည်း လူ့အဖွဲ့အစည်းကြီး ဖရိုဖရဲပြိုကွဲ၊ သေကျေပျက်စီးသည်အထိ ဒုက္ခပေးသည်မှာ အတူတူပင်ဖြစ်သည်။ ကိုဗစ်တုန်းကလည်း လူတွေချောက်ချား၊ စိတ်ဆင်းရဲသောက ရောက်ကြရ၊ ယခုလို ဝါဒဖြန့်သတင်းတွေကျတော့လည်း လူတွေပူပင်သောက မလုံခြုံဖြစ်ကြရပြန်သည်။

ကမ္ဘာမှာ ကပ်ကြီးသဖွယ်ဖြစ်ခဲ့သည့် ရောဂါဆိုးကြီးကို လူတွေထိန်းချုပ်နိုင်ပြီးသကာလ ယခုလို သတင်းမီဒီယာကပ်ကြီးမှာတော့ လူတွေ ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်ကြ၊ မစဉ်းစား၊ မချင့်ချိန်နိုင်ကြသေးပါ။ သတင်းအဆိပ်မိပြီး ဆင်ခြင်တုံတရားမရှိ အမုန်းတရားပွားနေကြဆဲဖြစ်သည်။ အဓိကအချက်က မိမိကိုယ်မိမိ ကြိုတင်သတိထား ကာကွယ်ရန်သာဖြစ်သည်။ ရောဂါမဖြစ်အောင်နှင့် ဖြစ်လည်း သက်သာအောင် ကိုယ်ခံအားကောင်းစေသည့် ဗိုင်းရပ်စ်ကာကွယ်ဆေးများက အရေးပါခဲ့သလို တစ်ဦးနှင့်တစ်ဦး လူတွေခပ်လှမ်းလှမ်းနေကြ၊ နှာခေါင်း၊ ပါးစပ်အုပ်ကြ၊ လက်ဆေးကြနှင့် အတော်ထိထိရောက်ရောက်ရှိခဲ့ကြ၍သာ ကိုဗစ်ပိုးက အရှုံးပေးခဲ့ရခြင်းဖြစ်သည်ကို သိရှိသင်ခန်းစာယူနိုင်ရပါမည်။

> ❝ အစိုးရက တရားဝင်သတင်းများကိုတော့ မယုံ၊ ဝါဒဖြန့်သည်ဟု ထင်မှတ်မှားပြီး ကျန်အဓိက အဖျက်အားပေးသတင်းဌာန၊ လူမှုကွန်ရက်များက ထုတ်လွှင့်ရေးသားသော အကြမ်းစားဝါဒဖြန့်ချက်များကိုတော့ ဝါဒဖြန့်သတင်းဟု မမှတ်ယူ၊ အယုံလွယ်၊ ယုံကြည်ကြသူများရှိနေသည်မှာ အံ့သြစရာဖြစ်သည်။ ပုံဖော်ခံနေရလား၊ ပုံသွင်းခံနေရလား၊ နိုင်ငံရေးအကျိုးအမြတ်ကြောင့်လား၊ စီးပွားရေးအကျိုးအမြတ်ကြောင့်လား မစဉ်းစား။ ထို့ကြောင့် အကုန်မှားကြတော့သည်။ အဖြစ်မှန်ကို မြေပြင်သတင်းရအောင် စုံစမ်းတိုက်ဆိုင်စစ်ဆေးကြည့်တာတောင်မှ အဆိုးမြင်သမား၊ အဖျက်အားပေး၊ ကိုယ်ခံအားမပြည့်၊ အသိဉာဏ်နည်းသူနှင့်တွေ့ရလျှင် ပို၍ဆိုး မှားသထက်မှားကြပြန်သည် ❞

## စိတ်ခွန်ကိုယ်ခံအားမြှင့်တင်ထားရန်

ယခုလိုကာလ ကမ္ဘာမှာရော မြန်မာမှာပါ ဒုက္ခပေးလွန်းလှသည့် သတင်းမှား (misinformation)၊ သတင်းတု (fake)၊ လုပ်ကြံသတင်း (disinformation)၊ စိတ်ဓာတ်ကျစေမည့် ဝါဒဖြန့်စစ်ဆင်ရေး (psychological warfare) ဗိုင်းရပ်စ်ပိုးတွေကို လူတွေအထူးသတိရှိ ရှောင်ကြဉ်နိုင်ဖို့ လိုအပ်နေပါသည်။ အခြေအမြစ်မရှိ ဒုက္ခပေးနိုင်သည့် သတင်းစုံဗိုင်းရပ်စ်များကြောင့် ပြည်သူများ သောကရောက်ရ၊ စိတ်ဆင်းရဲရ များစွာဖြစ်ရသည်။

ကိုဗစ်ကို ကာကွယ်အောင်နိုင်ခဲ့သည့် အခြေခံနည်းလမ်းများအတိုင်း ရိုးရိုးရှင်းရှင်း တွေးတတ်၊ စဉ်းစားတတ်၊ နေတတ်ထိုင်တတ်၊ ပြောတတ်ဆိုတတ်လျှင် အဆင်ပြေပါပြီ။ ကိုယ်ခံအားမြင့်ဖို့ ကာကွယ်ဆေးများ ထိုးနှံခဲ့ကြသလို သတင်းတစ်ခု အမှားအမှန်၊ အစစ်အတု ခွဲခြားနိုင်ဖို့၊ ပုံဖျက်သတင်းတစ်ခုကို အစဖော်နိုင်ဖို့၊ လုပ်ကြံဝါဒဖြန့်သတင်းကို လုပ်ကြံဝါဒဖြန့်နေမှန်းသိဖို့က ကိုယ့်ဆီမှာ သုတအစာ၊ ကျွမ်းကျင်မှုအာဟာရနှင့် မှန်ကန်သော ခံယူချက်များကို ကြိုတင်ဖြည့်ဆည်းထားရန် လိုအပ်ပါမည်။

လူနုံ၊ လူအ၊ အစွမ်းအစမရှိ၊ လူတုံးလူနများ ဖြစ်မသွားဖို့က မိမိစေတနာသည် အဓိကဖြစ်ပါသည်။ ဟိုဟာကိုမယုံရ၊ ဒီဟာကိုတော့ယုံပါဟု ပြောနေခြင်းမဟုတ်ပါ။ မှန်မမှန်၊ စစ်မစစ် ခွဲခြားပိုင်းဖြတ်ဆက်စပ်စဉ်းစားပြီး စိစစ်သုံးသပ်နိုင်ရေး critical thinking နှင့် analytical skill ရှိရန်ကို ဆိုလိုပါသည်။

## စဉ်းစားပုံစဉ်းစားနည်း တွေးပုံတွေးနည်းကအရေးကြီး

သတင်းမှန်သမျှ အချက်အလက်မှန်သမျှ ရအောင်ယူ၊ လက်ခံသင့် မသင့်၊ ကိုးကားသင့် မသင့်က ကိုယ့်ကိစ္စဖြစ်သည်။ ကိုယ်မခံရရေး၊ ကိုယ်မမှားရေးအတွက် လေးလေးနက်နက်ထား၍ စိစစ်ပိုင်းခြားနေရန်ကို ဆိုလိုပါသည်။ အမြဲတမ်း လေ့ကျင့်သင်ယူနေရန်ပင်ဖြစ်သည်။ ယူတတ်လျှင် ယခုကမ္ဘာ့အရေး၊ မြန်မာ့အရေးများသည် ယနေ့လူငယ်များအနေဖြင့် စဉ်းစားပုံစဉ်းစားနည်း၊ တွေးတတ်ခေါ်တတ်အောင် လေ့ကျင့်သင်ယူရာ ကစားကွင်းများအဖြစ် အခွင့်အလမ်းသဖွယ် အသုံးချသင့်သည်။

များများစဉ်းစားပြီး အသိဉာဏ်တိုးအောင် အားထုတ်သင့်ကြသည်။ အတိတ်သမိုင်းကိုလည်း ကျေညက်နေသင့်ပါသည်။ သတင်းတစ်ခုဝင်လာလျှင် ဘယ်သတင်းဌာနကလဲ၊ ဘယ်သူကပြောတာလဲ၊ ဘာဖြစ်တာလဲ၊ ဘယ်နေရာမှာ ဘယ်အချိန်မှာ ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်သူ့ကို ဘာရည်ရွယ်ချက်နဲ့လုပ်သလဲ စသည်ဖြင့် "ဘ" တွေ စုံအောင် စဉ်းစားနိုင်စွမ်းရှိရပါမည်။

ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ကိုယ်ကိုယ် ထပ်ကာထပ်ကာ စဉ်းစားပေးသင့်သည်။ သတင်းကို channel ပေါင်းစုံကနေ လိုက်သင့်သည်။ Facebook၊ TikTok၊ Telegram လူမှုကွန်ရက်များအပါအဝင် BBC၊ VOA၊ RFA၊ သတင်းဌာန အစုံအစုံ၊ MRTV၊ MWD သတင်းဌာနများပါအချိန်ပေး၍ အကုန်ဖတ်၊ အကုန်နားထောင်ကြည့်ပါ။ အမှန်နှင့် အမှား ဖြစ်နိုင်၊ မဖြစ်နိုင်ခွဲခြားသိလာပါလိမ့်မည်။ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာရှိပြီး တာဝန်ယူ တာဝန်ခံမှု အပြည့်ရှိသော၊ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နေသော မီဒီယာသမားများ စံနှုန်းပြည့်သတင်းဌာနများလည်း ရှိပါသည်။

အစိုးရက တရားဝင်သတင်းများကိုတော့ မယုံ၊ ဝါဒဖြန့်သည်ဟု ထင်မှတ်မှားပြီး ကျန်အဓိက အဖျက်အားပေးသတင်းဌာန၊ လူမှုကွန်ရက်များက ထုတ်လွှင့်ရေးသားသော အကြမ်းစားဝါဒဖြန့်ချက်များကိုတော့ ဝါဒဖြန့်သတင်းဟု မမှတ်ယူ၊ အယုံလွယ်၊ ယုံကြည်ကြသူများရှိနေသည်မှာ အံ့သြစရာဖြစ်သည်။ ပုံဖော်ခံနေရလား၊ ပုံသွင်းခံနေရလား၊ နိုင်ငံရေး အကျိုးအမြတ်ကြောင့်လား၊ စီးပွားရေး အကျိုးအမြတ်ကြောင့်လား မစဉ်းစား။ ထို့ကြောင့် အကုန်မှားကြတော့သည်။ အဖြစ်မှန်ကို မြေပြင်သတင်းရအောင် စုံစမ်းတိုက်ဆိုင်စစ်ဆေးကြည့်တာတောင်မှ အဆိုးမြင်သမား၊ အဖျက်အားပေး၊ ကိုယ်ခံအားမပြည့်၊ အသိဉာဏ်နည်းသူနှင့် တွေ့ရလျှင် ပို၍ဆိုး မှားသထက်မှားကြပြန်သည်။

> ❝ ဟုတ်မှန်ပြီး မိမိအတွက်၊ အများအတွက် အကျိုးရှိ၊ အသုံးတည့်မည့် သတင်းစကားများကိုသာ စိစစ်လက်ခံသင့်ပါသည်။ အကျိုးမရှိသည့်သတင်းများ၊ မခိုင်မာသည့် အချက်အလက်များအတွက် မိမိကိုယ်မိမိ အမှိုက်ပုံးမဖြစ်သင့်၊ အချိန်ကုန်မခံသင့်ပါ။ သွန်လိုသွန်၊ မှောက်လိုမှောက်၊ လိုသလိုအသုံးချခံဘဝများ မရောက်သင့်ပါ။ မီဒီယာကို ကောင်းကောင်းချုပ်ကိုင်ထားနိုင်သူများကြားထဲကမှ ယုံကြည်ရသော အချိန်ယူစိစစ်ထုတ်လွှင့်တတ်သည့် သတင်းဌာနများကိုသာစောင့်၍ နားထောင်သင့်၊ ဖတ်ရှုသင့် ❞

## ကဏ္ဍစုံမှာအကုန်ပါ မဟုတ်တာအကုန်လွှင့်

အဓိကအချက်က မိမိတို့အလိမ်မခံရရေးအတွက် တင်ပြနေခြင်းသာဖြစ်သည်။ အလိမ်ခံရ၍ မိမိနှင့် မိမိ မိသားစုရော၊ မိမိပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းပါ ဘယ်လောက်ထိခိုက်နစ်နာ ဆုံးရှုံးခဲ့ရပါသလဲ၊ ပြန်လည်နောက်ကြောင်းပြန်ကြည့်ပါ။ မိမိတို့ နား၊ မျက်စိများက ဝင်လာသမျှ အာရုံပေါင်းစုံကို လက်ခံခဲ့ကြသည်။ ဟုတ်တာရော၊ မဟုတ်တာရောပါမည်။ လက်ခံမိသမျှ၊ ယုံကြည်မိသမျှ သတင်းတွေကို မိမိပါးစပ်ဖြင့် ပြန်လည်ဖြန့်ဝေမိခဲ့ကြမည်။ သတိထားမိလျှင် သိသာပါသည်။

မြန်မာနိုင်ငံမှာ အရေးပေါ်၊ အရေးကြီး အခြေအနေများကြုံရတိုင်း ပြည်သူလူထုနှင့် ပတ်သက်သော သတင်းမှား၊ သတင်းတုများ ပုံမှန်ထွက်လာတတ်သည်။ စက်သုံးဆီကိစ္စ၊ ဘဏ်ကိစ္စ၊ ငွေကိစ္စ၊ ဒေါ်လာကိစ္စ၊ ကုန်ဈေးနှုန်းသတင်းများ ဖောင်းပွလာတတ်သည်။ အဆိုးမြင် သွေးထိုးလှုံ့ဆော်အားပေးသည့် မီဒီယာများနောက် ကောက်ကောက်ပါ၊ မမှန်သတင်းများနောက်ကိုလိုက်ပြီး စိစစ်နိုင်ခြင်းမရှိ၊ အကြောက်လွန်၊ အစိုးရိမ်လွန် panic ဖြစ်၍ အလုအယက်တန်းစီကြ တိုးဝှေ့ကုန်ကြတော့သည်။

ကောလာဟလကြောင့် ကိုယ့်ထက်စိုးရိမ်တတ်သူ၊ လောဘကြီးသူများ ရှိသမျှ ထုတ်ယူကြပြီးမှတော့ မိမိအလှည့်အရောက်မှာ ထုတ်စရာမရှိတော့သည့်၊ ပို၍ပူပန်ရသည့် အခြေအနေရောက်ရသည်မှာ ဘာမှ အထူးအဆန်းမဟုတ်ပါ။ ၂၀၂၃ နိုင်ငံတော် အာဏာထိန်းခါစ သတင်းအမှားများစွာကြုံခဲ့ရ၊ ခံခဲ့ရပြီး လူငယ်များ၊ ဝန်ထမ်းများ လမ်းမှားရောက်ခဲ့ရသည့် အဖြစ်ကို သင်ခန်းစာယူအမှတ်ရစေလိုသည်။

ယခုလည်း နိုင်ငံအရှေ့မြောက်၊ အနောက် တံခါးဝ၊ ကရင်၊ ကယားနေရာအချို့မှာ လုံခြုံရေးကိစ္စများဖြစ်သည်နှင့်တစ်ပြိုင်နက် စက်သုံးဆီ၊ ဘဏ်ငွေကြေးသတင်းများ တက်လာပြန်သည်။ ဘဏ်များတွင် အကြမ်းဖက်များ ဖောက်ခွဲတိုက်ခိုက်၊ ဖျက်ဆီးလုယက်မှုနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း အခွင့်ကောင်းယူ လှုံ့ဆော်လိုက်ခြင်းဖြစ်သည်။ ဘဏ်တွင် ငွေထုတ်မရတော့မှာ၊ စက်သုံးဆီဆိုင်များတွင် ဆီထုတ်မရတော့မှာ အစိုးရိမ်လွန်ပြီး သောကအပူများဖြင့် တွေဝေသွားခြင်းဖြစ်တန်ရာသည်။

အကြမ်းဖက်နှင့် အိမ်ခြံမြေ၊ ငွေဈေးကစားသူ၊ ကုန်ဈေးနှုန်းကစားမည့် ဝိသမလောဘသမားများ၏ အကွက်ထဲဝင်သွားခြင်းပင်ဖြစ်သည်။ အာမခံမှု အပြည့်အဝရှိသော နိုင်ငံတော်ဘဏ်များအနေဖြင့် ပြည်သူအပ်နှံငွေများ ထုတ်ယူရန် အကန့်အသတ်မထားပါ၍ အဆင်မပြေဖြစ်စရာ အကြောင်းမရှိပါ။ ဘဏ်အကြောင်း သိအောင်လုပ်၊ မိမိအပ်နှံငွေက မည်သည့်အမျိုးအစားလည်း သိအောင်လုပ်ထားရန်သာဖြစ်သည်။ စီးပွားရေးကဏ္ဍတွင်မက ပညာရေးကဏ္ဍကိုပါ တစ်ခုပြီးတစ်ခု မဟုတ်မမှန်ထုတ်လွှင့်သည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များပိတ်မည်ဟု သတင်းလွှင့်ပြန်သည်။ အမှန်က မည်သည့်တက္ကသိုလ်၊ ကောလိပ်မှ မပိတ်၊ ကျောင်းများတွင် တီးတိုးဝါဒဖြန့်သည်။ နိုင်ငံ၏ အနာဂတ်၊ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။

ထိုနည်းတူ လုံခြုံရေးကိစ္စရပ်မှာလည်း မချန်၊ ဖြတ်၊ ညှပ်၊ ကပ် ဆိုက်ဝါးဖြင့် မဟုတ်မမှန် အကုန်လွှင့်သည်။ ယခုပဲချက်ချင်း မိမိတို့နေထိုင်ရာ၊ တာဝန်ကျရာ မြို့ရွာဒေသတွေကနေ စွန့်ခွာထွက်ပြေးရမလို၊ ဗုံးခိုကျင်းပဲ ပြေးတူးရတော့မလို၊ နိုင်ငံ့ဝန်ထမ်းများဆိုလျှင် အဝေးနေမိဘများခမျာ မလိုအပ်ဘဲစိုးရိမ်သောက ရောက်ကြရသည်။ တိုက်ပွဲများတွင် ရန်သူဘက်က အကျအဆုံးများလာပြီဆိုလျှင် နိုင်လျှင်ငါတို့၊ ရှုံးလျှင်ပြည်သူတွေ ဖြစ်ကုန်သည်၊ သူတို့အကျအဆုံးပုံရိပ်ကို တပ်မတော်က အဆိပ်ငွေ့ဖြင့် တိုက်ခိုက်သည်ဆိုသည့်ဝါဒဖြန့်ချက်ဖြင့် ပုံဖျက်သည်။ ဟိုစခန်းကျ၊ ဒီစခန်းကျ မဟုတ်တာရော ဟုတ်တာပါ ရောထွေးစိတ်ဓာတ်ကျပြီး ဝေဝေဝါးဝါး ဖြစ်အောင် လုပ်တတ်ကြသည်။

## သွန်လိုသွန် မှောက်လိုမှောက် အသုံးချခံများမဖြစ်သင့်

နိုင်ငံတော်ကလည်း သတင်းမှန်များကို ရေးသားပေး၊ ထုတ်လွှင့်ပေးနေတာပါပဲ။ မှန်၊ မမှန် ကိုယ်တိုင် စိစစ်တတ်ဖို့၊ လက်ခံတတ်ဖို့သာလိုပါသည်။ မဟုတ်လျှင် ကာယကံရှင်ခမျာ ဒုက္ခများ၊ သောကများ၊ ပူရပန်ရ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရရှာသည်။ ကိုဗစ်တုန်းက နှာခေါင်းပါးစပ်စည်း၊ လက်ကိုရောဂါပိုးသေအောင် စနစ်တကျဆပ်ပြာဖြင့် ဆေးပြီး ရောဂါပိုးမဝင်အောင် ကာကွယ်ခဲ့ကြသလို မိမိမျက်စိ၊ နား၊ ပါးစပ်ကိုလည်း မဟုတ်တာ၊ မမှန်တာတွေ ဝင်မလာအောင် လုံအောင်ထားပြီး စိတ်ကိုလည်း ရှင်းနေအောင် ခံယူချက်မှန်မှန်ထား၍ သတင်းတု၊ သတင်းမှားများ လက်မခံမိအောင် စိစစ်သုံးသပ်သင့်ပါသည်။

ဟုတ်မှန်ပြီး မိမိအတွက်၊ အများအတွက် အကျိုးရှိ၊ အသုံးတည့်မည့် သတင်းစကားများကိုသာ စိစစ်လက်ခံသင့်ပါသည်။ အကျိုးမရှိသည့် သတင်းများ၊ မခိုင်မာသည့် အချက်အလက်များအတွက် မိမိကိုယ်မိမိ အမှိုက်ပုံးမဖြစ်သင့်၊ အချိန်ကုန်မခံသင့်ပါ။ စာမျက်နှာ ၇ သို့ ☆

# ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး /ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်ရောင်းချပေးလျက်ရှိ

**နေပြည်တော်  နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းဒေသကြီးရှိ Terminal များမှ စက်သုံးဆီများကို စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ် (Bowser)များဖြင့် နေ့ညမရွေး အဆက်မပြတ်ဖြည့်တင်းသယ်ယူပို့ဆောင် ဖြန့်ဖြူးလျက်ရှိသည်။

**ပုံမှန်ဖြန့်ဖြူးရောင်းချပေးလျက်ရှိ**

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင် ၁၈၈၇ ဆိုင်သို့ ဆီသယ်ယာဉ် (Bowser) ၁၃၀၈ စီးဖြင့် 92 Ron ဂါလန် (၁ သန်း ၁ သိန်း ၆ သောင်းကျော်)၊ 95 Ron ဂါလန် (၂ သိန်း ၃ သောင်းကျော်)၊ ဒီဇယ်ဆီဂါလန် (၈ သိန်း ၅ သောင်းကျော်)၊ ပရီမီယမ်ဒီဇယ်ဆီ (၁ သန်း ၄ သိန်း ၄ သောင်းကျော်)ကို ပို့ဆောင်ဖြန့်ဖြူးပေးခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများကို ပုံမှန်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သီလဝါ Terminal များမှ မွန်ပြည်နယ်သို့ စက်သုံးဆီသယ်ယူပို့ဆောင်ပေးစဉ်။



Top (ဝိုင်းမော်)



Max (မိတ္ထီလာ)



Denko (မကွေး)

## ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဝါးဒူး-အနောက်စုလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကန်ကြီးထောင့်  နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၁၄၄ ဒသမ ၇၅၀ ဖြင့် Emerald Delta ကုမ္ပဏီမှ ဝါးဒူး-အနောက်စုလမ်း (၀/၃ မိုင်x ၁၂ ပေ x ၇ လက်မ) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်း ရေရှည်တည်တံ့ကောင်းမွန်စေရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ထိန်းသိမ်းရေး)ဦးနေဦး၊ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းတို့က ကွင်းဆင်းစစ်ဆေး၍ အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီပြီးစီးရေးတို့ကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များမှာကြားခဲ့သည်။

အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၅၆၄ အိမ်၊ လူဦးရေ ၂၅၀၆ ဦးအား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



☆ စာမျက်နှာ ၆ မှ

**သွန်လိုသွန်၊ မှောက်လိုမှောက်၊ လိုသလိုအသုံးချခံဘဝများ မရောက်သင့်ပါ။ မီဒီယာကို ကောင်းကောင်းချုပ်ကိုင်ထားနိုင်သူများကြားထဲကမှ ယုံကြည်ရသော အချိန်ယူ စိစစ်ထုတ်လွှင့်တတ်သည့် သတင်းဌာနများကိုသာ စောင့်၍ နားထောင်သင့်၊ ဖတ်ရှုသင့်သည်ဟု တိုက်တွန်းလိုပါသည်။**

ယနေ့အချိန်အခါတွင် လူတွေနားဝေတိမ်တောင်ဖြစ်အောင် ကောလာဟလများကို တစ်ခုမဟုတ်တစ်ခု အချိန်ကိုက်ထုတ်လွှင့်နေကြဆဲဖြစ်သည်ကို သတိပြုကြရန်သာ လိုပါသည်။ သူတို့အနေဖြင့် စိတ်ခံစားလွယ်သူ၊ အကဲဆတ်သူများ၊ အာဃာတကြီးသူများကို စရိုက်ကိုဝိုက်၍ ကောက်ကျစ်စွာအသုံးချနေကြဦးမည်ပင်ဖြစ်သည်။ အသွင်ယူ အယုံသွင်းမည်၊ မြှောက်မည်၊ သွေးထိုးမည်၊ သွေးခွဲမည် စသည်ဖြင့်...။

ထို့ကြောင့် ပြည်သူများအနေဖြင့် ဆင်ခြင်တုံတရား ရှေ့ကာထား၍ အရာရာကို အယုံမလွယ်ရန်၊ ချင့်ချိန်စဉ်းစားရန် တင်ပြလိုပါသည်။ ဒီလိုလူတွေရှိနေသမျှ နောင်လည်းလာနေဦးမည်သာဖြစ်သည်။ အများကြီး အတွေ့အကြုံရှိခဲ့ကြပြီဖြစ်သလို သင်ခန်းစာများလည်း ရသင့်သလောက်ရခဲ့ကြပါပြီ၊ ပေးဆပ်မှုများလည်း ရှိခဲ့ကြပါပြီ။ ယခုလို ကာလသည် တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်ရောနိုင်ငံ့ဝန်ထမ်းများပါ နိုင်ငံကို တည်ငြိမ်အေးချမ်းအောင်၊ ပြည်သူများ၏ စားဝတ်နေရေးလုံခြုံမှုရအောင် အချို့နေရာများတွင် အသက်ပေး၍ အပြင်းအထန် အပင်ပန်းခံကြိုးစားနေရသည်မှာ မှန်ပါသည်။ မိမိကိုယ်တိုင်ကသာ အပူများကို လက်မခံမိဖို့လိုသလို ပါးစပ်ငှားအဖြစ်ခံ၍ မီးမွှေးသူမဖြစ်မိအောင်သာ သတိထား ရှောင်ကြဉ်အပ်ပါသည်။

ပြည်သူလူထုကို အခက်အခဲဖြစ်အောင်၊ နိုင်ငံ၊ လူမှုစီးပွားဘဝများပျက်ပြားအောင် အချိန်ကိုက်ကောလာဟလ လွှင့်ထုတ်မှုများကို ယနေ့အချိန်မှာ အထူးသတိထားကြရန်ပင် ဖြစ်ပါသည်။ အဖျက်သမားဆိုသည်မှာ ခိုင်းတာလုပ်၊ ကျွေးတာစားအဆင့်၊ ဘာမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်မှလည်းမရှိ။ ဘာကျင့်ဝတ်မှလည်း မလိုက်နာ၊ ဖျက်ဆီးရေးပျက်စီးရေးသက်သက်သာ ရှေးရှုသည်။ မီဒီယာကျင့်ဝတ်၊ လူ့ကျင့်ဝတ်ဆိုတာမရှိ။ အလုံးစုံပျက်သုဉ်းရေး သတင်းမှားများဖြင့် မှိုင်းတိုက်ရန်သာဖြစ်သည်။

**အရေးအကြီးဆုံးက နိုင်ငံသားများအနေဖြင့် သမိုင်းအမှန်ကို သိအောင်လုပ်၊ ဗဟုသုတ ပြည့်မီအောင်ကြိုးစားပြီး နိုင်ငံချစ်စိတ် နိုင်ငံသားကောင်းပီသသော ခံယူချက်ကောင်းများဖြင့် ရောထွေးရှုပ်ယှက်နေသော အချက်အလက်များ၊ သတင်းများအပေါ် စိစစ်ပိုင်းခြားသုံးသပ်နိုင်စွမ်းကို လေ့ကျင့်ပျိုးထောင်ပြီး မိမိတို့၏ကိုယ်ခံစွမ်းအားကို မိမိတို့ကိုယ်တိုင် မြှင့်တင်ကြရန်ပင် ဖြစ်ပါသည်။**

သတင်းမှန်သမျှ ရာနှုန်းပြည့် တာဝန်ယူနိုင်သူသည် မိမိကိုယ်တိုင်သာဖြစ်သည်ဆိုသည့် အရည်အသွေးမျိုးရှိရန်အထိ စဉ်းစားတတ်သူများဖြစ်လျှင်ပို၍မကောင်းပေဘူးလား...။ လူ့အဖွဲ့အစည်းတစ်ခုကိုယ့်ကြောင့်လည်း မပျက်စီးစေသင့်သလို သူ့ကြောင့်လည်း ယိမ်းယိုင်မသွားအောင် ဂရုပြုသင့်ပါသည်။ သို့မှသာ တရားဥပဒေစိုးမိုးမှုအပြည့်ဖြင့် ထာဝရအေးချမ်းတည်ငြိမ်မှုကို ရရှိလာနိုင်ပါလိမ့်မည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီရိရတနာမူလတန်းကြိုကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်နှင့် ဆရာမများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက မူကြိုဆရာဖြစ်သင်တန်းတွင် သင်ကြားခဲ့ရသော ကလေးစိတ်ပညာနှင့် အခြေခံလိုအပ်ချက်၊ ဘက်စုံဖွံ့ဖြိုးမှုအတွက် ပံ့ပိုးပေးသောပတ်ဝန်းကျင်၊ ကလေးများ၏ကာယလှုပ်ရှားမှုနှင့် သိမှုဖွံ့ဖြိုးမှု၊ ကျန်းမာရေးနှင့် အာဟာရအရေးကြီးပုံ၊ ဘာသာစကားဖွံ့ဖြိုးမှု၊ ကစားခြင်းအရေးကြီးပုံ၊ မသန်စွမ်း ကလေးများအကြောင်း၊ သင်ထောက်ကူပစ္စည်းများပြုလုပ်ခြင်း၊ မိဘရပ်ရွာအသိပညာပေးခြင်းနှင့် ကလေးများသိသင့်သည့် အကြောင်းအရာများကို ပုံပြင်၊ သီချင်းများဖြင့် သင်ကြားပေးခြင်းများကို စေတနာထား၍ စနစ်တကျဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

ထို့နောက်ကလေးများ မူကြိုပညာရေးသင်ကြားနေမှု၊ ကျွေးမွေးစောင့်ရှောက်မှု၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကလေးများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ မုန့်များ ပေးဝေသည်။

ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းဦးစီးမှူးရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနေထိုင်မှု၊ တာဝန်ထမ်းဆောင်နေမှု အခြေအနေများကို ကြည့်ရှုကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ဦးစီးမှူးရုံးနှင့် သိုလှောင်ရုံသို့ ရောက်ရှိစစ်ဆေးပြီး ကယ်ဆယ်ရေးပစ္စည်းများကို ပိုးမွှားတိရစ္ဆာန်များ၏ ဖျက်ဆီးမှု၊ မီးဘေးအန္တရာယ်အပါအဝင် အခြားမလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတိပြုထိန်းသိမ်းဆောင်ရွက်ကြရန်၊ ရုံးနှင့် သိုလှောင်ရုံအတွင်း/အပြင် သန့်ရှင်းသပ်ရပ်စွာထားရှိရန်၊ သက်တမ်းမကုန်မီ အကျိုးရှိစွာအသုံးပြုနိုင်ရေး အမြဲစစ်ဆေး မှတ်တမ်းပြုစုထားရှိရန်တို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မိတ္ထီလာအကျဉ်းထောင်ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ မိတ္ထီလာအကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်အဖွဲ့ဝင်သည် အကျဉ်းထောင်ရှိ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေး ဖြစ်သောနေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်ခွင့် အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် ကော်မရှင်အဖွဲ့သည် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ ကန်များ၊ အတွင်း/အပြင်မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတ ရဖွယ်ရာ စာအုပ်စာပေ ၁၀၀ ကို ကော်မရှင်က လှူဒါန်းခဲ့ရာ မိတ္ထီလာအကျဉ်းထောင် တာဝန်ခံအရာရှိက လက်ခံရယူသည်။

အဆိုပါအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူ ဆောင်ရွက်ပေး နိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဂွမြို့နယ်၌ မိုးစပါးဆင်းသွယ်လတ် အထူးဇုန်၌ စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဂွ နိုဝင်ဘာ ၂၂

ရခိုင်ပြည်နယ် ဂွမြို့နယ် ရဟိုင်ကွင်းကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ တောင်သူ ဦးညွန့်ရွှေ၏ မိုးစပါး ဆင်းသွယ်လတ်အထူးဇုန်တွင် စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးဦးကျော်ထွန်းလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်းနှင့် စံကွက် သုည ဒသမ ၁၀ ဧကကို ရိတ်သိမ်းခဲ့ရာ အစိုအထွက် ၁၄၅ တင်းနှုန်းနှင့် အခြောက်အထွက် ၁၃၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ရွှေရည်ဝင်းကျော်**

# မြောင်းမြမြို့၌ အမှိုက်များစနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



မြောင်းမြ နိုဝင်ဘာ ၂၂

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာ လှပရေးအတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု မရှိစေရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၈ နာရီခွဲက မြို့နယ်စည်ပင်ရုံး၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်တင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦးက အမှိုက်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။ ဆက်လက်ပြီး ဦးစီးအရာရှိ ဒေါ်စိုးစိုးနှင်းက အမှိုက်သိမ်းဆည်းမှု၊ စွန့်ပစ်မှုအခြေအနေများကို ဆွေးနွေးပြီး လက်ထောက် အင်ဂျင်နီယာ ဦးအေပရယ်မင်းစိုးက မိလ္လာသိမ်းဆည်းမှု၊ စွန့်ပစ်မှု အခြေအနေများကို ဆွေးနွေးသည်။

အဆိုပါ ဟောပြောပွဲသို့ မြောင်းမြမြို့နယ် သူနာပြုသင်တန်းကျောင်းမှ သင်တန်းနည်းပြအရာရှိ ဒေါ်အေးမြတ်ကလျာနှင့် သင်တန်းနည်းပြဆရာမ၊ သင်တန်းသား သင်တန်းသူစုစုပေါင်း ၅၆ ဦးခန့် တက်ရောက်ကြပြီး တက်ရောက်လာသော သင်တန်းသား သင်တန်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ထို့အတူ မြောင်းမြမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးဆောင်သောအဖွဲ့က နိုဝင်ဘာ ၂၁ ရက်တွင် အမက (အောင်ဆန်း) နှင့် အမက (ရိုးကူး)တို့တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု မရှိစေရေး အသိပညာပေး ဟောပြောပြီး အမှိုက်ခွဲခြား စွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် နိုဝင်ဘာ ၂၂

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ ပုညကရဏ လေးထပ်ဓမ္မာရုံတော်ကြီးဖွင့်လှစ်ခြင်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



ပြည် နိုဝင်ဘာ ၂၂

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ ပုညကရဏ လေးထပ်ဓမ္မာရုံတော်ကြီးဖွင့်လှစ်ခြင်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းက ကျင်းပသည်။

ဦးစွာ ပုညကရဏ လေးထပ်ဓမ္မာရုံတော်ကြီးအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူးနှင့် ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လေးထပ်ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုကာ ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပုညကရဏ လေးထပ်ဓမ္မာရုံတော်ကြီးအား ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက် ဦးစီးပဓာန မဟာနာယက လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနာဂဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ကြွရောက်လာကြသည့် ဩဝါဒါစရိယ ဆရာတော်မြတ်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်မြတ်အား ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ မထေရ်မြတ်က အနုမောဒနာတရားဟောကြားချီးမြှင့်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။ ညပိုင်းတွင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ပရိဝုဏ်ရှိ ပုညကရဏ လေးထပ်ဓမ္မာရုံတော်ကြီး ဖွင့်လှစ်ခြင်း အောင်ပွဲအထိမ်းအမှတ်အနေဖြင့် မီးပုံးပျံအလုံး ၂၀၀ ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာဧည့်ပရိသတ်များဖြင့် အေးချမ်းပျော်ရွှင်စွာ လွှတ်တင်ပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၂)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၂

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် တိုင်းစစ်ဌာနချုပ်ရှိ ကျောင်းသား ကျောင်းသူ ၃၇၇ ဦးအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ဒုတိယနေ့အဖြစ် မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လယ်ဝေးမြို့နယ်၌ ဒုတိယနေ့အဖြစ် လယ်ဝေးမြို့နယ် စည်ပင်သာယာရေးကော်မတီ သီရိမင်္ဂလာခန်းမ၌ ဆက်လက်ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိနှင့် တာဝန်ရှိသူများက MEVM စက်တည်ဆောက်ပုံ၊ စက်အသုံးပြုပုံ၊ မဲပေးပုံ နည်းစနစ်များကို ရှင်းလင်းဆွေးနွေးကြပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ရာ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit)ကို ကိုယ်တိုင်ကိုင်တွယ် မဲပေးကြကာ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်/မမှန် စိစစ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ကြသည်။

မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အချိန်တိုအတွင်း ဆန္ဒမဲများကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် မှန်မှန်ကန်ကန် မဲပေးဆောင်ရွက်နိုင်သည့်အပြင် ပယ်မဲများမရှိနိုင်တော့သည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် စမ်းသပ်မဲပေးကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ဥယျာဉ်စုကျေးရွာအုပ်စု၊ စည်ပိုင်းကျေးရွာအုပ်စု၊ ရှမ်းစုကျေးရွာအုပ်စု၊ တလုပ်ပင်ကျေးရွာအုပ်စု၊ ချောင်းကျိုးကျေးရွာအုပ်စု၊ ဝင်တဲကူးကျေးရွာအုပ်စု၊ ကန်သာကျေးရွာအုပ်စု၊ ကျသောင်းတောင်ကျေးရွာအုပ်စု၊ ဇလီဂုက်ကြီးတောင်ကျေးရွာအုပ်စု၊ သစ်ကြိမ်းကျေးရွာအုပ်စု၊ ကျောက်တစ်လုံးကျောင်းစုကျေးရွာအုပ်စု၊ ချောင်းခွကျေးရွာအုပ်စု၊ သစ်ပုတ်ပင်ကျေးရွာအုပ်စု၊ မဒွေါပင်ကျေးရွာအုပ်စု၊ ပေတုန်းမျောင်ကျေးရွာအုပ်စု၊ ခရမ်းကိုင်းကျေးရွာအုပ်စု၊ ညိုပင်ကျေးရွာအုပ်စုနှင့် ရွှေပြည်သာကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



## ရွှေကျောက်ဖူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက မှော်ဘီမျိုးစပါးများ ရိတ်သိမ်း

ပန်းတောင်း နိုဝင်ဘာ ၂၂

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ရယူဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ ရွှေကျောက်ဖူး စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က မှော်ဘီမျိုးစပါးများ စိုက်ပျိုးထားရှိခဲ့ပြီး ယခုအခါ ဧက ၅၀ ကို ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၆၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# သဘောတရားနဲ့ လက်တွေ့ဘဝ

ချစ်နိုင်(စိတ်ပညာ)

**တစ်ရံရောအခါ**

အကြောင်းခြင်းရာ စရရင်တော့ အသက် ၂၀ ဝန်းကျင် လူငယ်လုလင်နှစ်ဦး ဇာတ်ပွဲမိုးလင်းကြည့်ခဲ့တဲ့ အဖြစ်အပျက်ကို စတင်ပြောပြရမှာပဲ။ ရှေးအခါကာလ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ အချိန်ဆီက မာဂဓတိုင်း ရာဇဂြိုဟ်မြို့ကြီးမှာ အခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းအခါရာသီမျိုးဆိုရင် ကျွန်တော်တို့ဆီ မန္တလေးမြို့ကြီးမှာ ဘုရားပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ စင်တင်ဖျော်ဖြေပွဲတွေ ဆက်နေသလိုပဲပေါ့။ တောင်ငါးလုံး ကာရံထားသလို ဗဟိုအချက်အချာ ရာဇဂြိုဟ်မြို့ဟာလည်း တောင်ပေါ်က ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ပွဲလမ်းသဘင်တွေ အဆက်မပြတ် ပျော်ပွဲရွှင်ပွဲတွေ ပေါတယ်ဆိုပဲ။

ကာလသား လူပျိုလူရွယ်တွေအကြိုက်ပေါ့။ လူငယ်ဆိုတာ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေတတ်ကြတဲ့အရွယ်ရဲ့သဘောပါပဲ။ ဥပတိဿနဲ့ ကောလိတဆိုတဲ့ လူငယ်သူငယ်ချင်းနှစ်ယောက်ဟာ အသက်အရွယ်တူဖြစ်ကြသလို မိဘတွေချင်းလည်း ခင်မင်ရင်းနှီးကြတဲ့ မိတ်ဆွေတွေပဲလေ။ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ဟာ တတွဲတွဲနဲ့ စားအတူ၊ သွားအတူ၊ ဇာတ်ပွဲသွားကြည့်ကြရာမှာလည်း မခွဲဘဲ အတူတကွ သွားကြည့်ခဲ့ကြတယ်။ မိုးလင်းအထိပဲ။

ဇာတ်ပွဲက ဇာတ်ကြောင်းသဘာဝရှေ့ပိုင်းမှာ အပျိုးတွေ၊ အပြတွေက ရယ်စရာ ပျော်စရာ၊ အလယ်ပိုင်းဇာတ်ကွက်တွေက ကြည်နူးစရာ၊ အားတက်စရာ။ ပရိသတ်ကို ဖမ်းစားဖျော်ဖြေကြတာ ထုံးစံအတိုင်းပေါ့။ ဇာတ်လမ်းနောက်ပိုင်းရောက်လာတော့ အခက်အခဲတွေ၊ အဆင်မပြေမှုတွေနဲ့ ဆင်းရဲသူက ဆင်းရဲ၊ သေသူကသေ၊ ရှင်ကွဲသေကွဲ ခွဲခွာကွဲကွာကြရလို့ ငိုကြ ယိုကြအလွမ်းဖွဲ့တဲ့အပိုင်းမှာ ကြေကွဲဝမ်းနည်းစရာတွေ ကြည့်ရတော့တာကိုး။

**ဇာတ်ပွဲကအပြန်**

လူသေတာကို မမြင်ဖူး၊ မကြားဖူးသေးတဲ့ သူဌေးမိသားစုထဲက လူငယ်နှစ်ယောက်ဟာ လူ့ဘဝဆိုတာ ပျော်ရွှင်စရာတွေနဲ့ ပြီးနေတာမဟုတ်ဘဲ အိုကြ၊ နာကျင်ရ၊ သေကျေရ၊ ပူဆွေးငိုကြွေးကြရတဲ့အဖြစ်ဆိုးတွေလည်း ရှိတတ်ပါကလားဆိုတာ ဇာတ်ပွဲဇာတ်လမ်းကြည့်ရှုပြီး တရားသံဝေဂရကြတယ်။ ထိတ်လန့်တုန်လှုပ်သွားမိတယ်။

ဒါဆိုရင် ငါတို့ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ တရားအကျင့်ရှိလေမလား ရှာဖွေကြမယ်။ တွေ့လာပြီဆိုရင် အပြန်အလှန် အသိပေးကြရအောင်ကွယ်လို့ တရားအကျင့် ပညာဆည်းပူးဖို့ ဆရာအရှာထွက်သွားကြတယ်။ ဇာတ်ပွဲမိုးအလင်းကြည့်ပြီး အိမ်ကို မပြန်ကြတော့ဘူး။

တိုအောင်ချုံ့ပြောရရင်တော့ မြတ်စွာဘုရား ဂေါတမဗုဒ္ဓ သက်တော် ၃၅ နှစ်အရွယ်၊ မိဂဒါဝုန် ဥယျာဉ်တောဝယ် ဝါဆိုလပြည့်ညနေခင်း တရားဦး ဓမ္မစက္ကပဝတ္တနသုတ်ကို အဦးဆုံးနာယူခဲ့ရတဲ့ ငါးပါးအနက်မှ အနတ္တလက္ခဏသုတ်ကိုပါ နာယူကျင့်သုံးပြီး ရဟန္တာဖြစ်တဲ့ အရှင်အဿဇိဆွမ်းခံရာ၊ ဆွမ်းဘုဉ်းပေးတာကို ကြည့်မြင်အကဲခတ်ပြီး အရှင်ဘုရားရဲ့ ဆရာ ဘယ်သူပါလဲ။ သူဟောတဲ့ တရားက ဘာများလဲမေးတဲ့အခါ “ငါလည်း ဒီအဆုံးအမသာသနာတော်၌ ရဟန်းပြုပြီးတာ မကြာသေးပါ။ အကျယ်မဟောနိုင်ပါ” ဆိုတော့ အကျဉ်းမျှပဲဖြစ်ဖြစ် သိခွင့်ပေးပါဘုရား လျှောက်ထားတော့-

**သဘောတရား**

**“ဤလောက၌ ဖြစ်ဖြစ်သမျှတို့သည် အကြောင်းကြောင့်ဖြစ်ကုန်၏။ ထိုဖြစ်ဖြစ်သမျှတို့၏ အကြောင်းကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ ထိုထိုဖြစ်ဖြစ်သမျှတို့၏ ချုပ်ရာကိုလည်း ဟောကြားတော်မူ၏။ ထိုထိုဖြစ်ဖြစ်သမျှတို့၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်း ဟောကြားတော်မူ၏။”**

“ဤမျှနှင့် ရပ်တန့်တော်မူပါဘုရား။ (ငါမျှော်မှန်းသော တရားအထူးကို အပြည့်အစုံ ငါသိရပေတော့မည်ဆိုတာ သူသဘောပေါက်သွားတဲ့အတွက်) သင့်ဆရာမြတ်စွာဘုရားဟာ ယခုဘယ်မှာ ရှိနေသလဲ” မေးတော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတယ်လည်းသိရော ငယ်သူငယ်ချင်း တရားရှာဖော် ကောလိတဆီ အမြန်ဆုံးရောက်လာပြီး “ယေဓမ္မဟေတုပ္ပဘဝါ” ဂါထာကို ပြောပြသတဲ့။ အရှင်အဿဇိမထေရ်က ဥပတိဿတရားရှာရသေ့ကို သစ္စာလေးပါး မြတ်တရားကို သိစေခဲ့တယ်။ ဥပတိဿရသေ့က သူ့မိတ်ဆွေကောလိတကို ထပ်ဆင့်သိမြင် နားလည်စေခဲ့တယ်။

ဥပတိဿနဲ့ ကောလိတတို့ဟာ တရားထူးကို ဘယ်လိုရှာရမလဲမသိ။ တောရမ်း တောင်ရမ်း စမ်းတဝါးဝါးနဲ့ ဆရာတချို့ဆီ တပည့်ခံပြီး “တပ” အကျင့်တို့ကို ကျင့်ခဲ့စမ်းခဲ့ကြပြီးပြီ။ မြတ်စွာဘုရားရှင်ရဲ့ သစ္စာလေးပါး မြတ်တရား၊ ပဋိစ္စ ငါးဦးကို သင်ကြားပြသခဲ့တဲ့ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ ပဋိစ္စ သမုပ္ပါဒ်ဒေသနာကို အနှစ်ချုပ်ကြားနာရတဲ့အခါ ဓမ္မကို ကောင်းစွာသိမြင်သွားကြပြီ။

**ဓမ္မ**

ဓမ္မဟူသမျှတို့ဟာ “အရိယသစ္စာ”လို့ ခေါ်ဆိုရမယ့် အမှန်တရားလေးမျိုးသာရှိပေတယ်-

၁။ ဒုက္ခသစ္စာ = ဆင်းရဲခြင်းဖြစ်တည်မှု အမှန်၊

၂။ သမုဒယသစ္စာ = ဆင်းရဲဖြစ်စေကြောင်း အမှန်၊

၃။ နိရောဓသစ္စာ = ဆင်းရဲမှ လွတ်ကင်းခြင်းအမှန်၊

၄။ နိရောဓဂါမိနိပဋိပဒါ = ဆင်းရဲမှ လွတ်ငြိမ်းစေတဲ့ **မဂ္ဂသစ္စာ**၊ သိကျင့်ရကြောင်း လမ်းအကျင့်ရှစ်ပါးအမှန်။

သဘောတရားအရ ကိစ္စဉာဏ်ဆိုတာရှိပါသေးတယ်။ ဒုက္ခသစ္စာမှာ အနိစ္စ = ဘာမျှမမြဲ ပြောင်းလဲရွေ့လျားနေခြင်းသဘော၊ ဒုက္ခ = အလိုမကျ၊ ဆင်းရဲနေရခြင်းသဘော၊ အနတ္တ = ငါမရှိ၊ ငါမဟုတ်၊ ငါမပိုင်၊ ဘာမျှအစိုးမရခြင်းသဘော၊ ဤသဘောသုံးရပ်မှအပ အခြားမရှိ။

သမုဒယသစ္စာမှာ အဝိဇ္ဇာ- မသိမမြင်မှုနှင့် တဏှာ လိုချင်တပ်မက်မှုတို့၏ အပေါင်းအပါ ကိလေသာများရှိတယ်။

နိရောဓသစ္စာမှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာတို့ဟာ တစ်ဖန်ပြန်လို့မဖြစ်တော့ခြင်း သဘောအားဖြင့် ချုပ်ကြတယ်။

မဂ္ဂသစ္စာမှာ မဂ္ဂင်ရှစ်ပါးတို့ဟာ အခြားဆိုင်ရာဆိုင်ရာ ဗောဓိပက္ခိယတရားတွေနဲ့အတူ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိခြင်းဖြစ်တယ်။

**အရိယသစ္စာ**

ဥပတိဿက အရှင်အဿဇိထံမှ မြတ်စွာဘုရားဟောပြောတဲ့တရားတော်ကို ကြားရလျှင်ကြားရချင်း မိမိအချစ်ဆုံးသူငယ်ချင်း ကောလိတကို သတိရတယ်။ ကောလိတက တရားတော်ကို သူငယ်ချင်းဆီက ကြားရလျှင်ကြားရချင်း သူ့ရဲ့ဆရာဖြစ်ခဲ့ဖူးတဲ့ သိဉ္စည်းဆရာကြီးကို သတိရတယ်။ ဘာပဲပြောပြော သူ့ဆီမှာ “တပ” အကျင့်တွေ နည်းယူကျင့်ခဲ့ဖူးတယ်။ ကျေးဇူးရှိခဲ့တယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ အတူတကွ ခေါ်ဆောင်သွားပြီး ဘုရားရှင်ကို ဖူးတွေ့ချင်တယ်။

ဥပတိဿက သဘောတူပါတယ်။

ကောလိတနဲ့အတူလိုက်ပါပြီး ဂိုဏ်းချုပ် သိဉ္စည်းဆရာကြီးကို သွားပြီး ဟောပြဖိတ်ခေါ်ကြတယ်။

“ဥပတိဿ၊ ငါက ဂိုဏ်းခေါင်းဆောင်ကွ။ ငါ့ရဲ့ဂိုဏ်းမှာ ငါက အိုးကြီးသဖွယ်ဖြစ်ပေတယ်။ ဗုဒ္ဓဆိုတာက ခွက်ကလေးလောက်ပဲ သေးသေးငယ်ငယ်လေးပါ။ အသက်အရွယ်အရကော၊ အတွေ့အကြုံအရကော မာနနဲ့နှိုင်းယှဉ်ပြီး တပည့်မခံချင်ဘူးပေါ့။ ခေါ်လို့မရခဲ့ပါဘူး။

ကောလိတနဲ့ ဥပတိဿတို့ဟာ တပည့်အချို့နဲ့ မြတ်စွာဘုရားရှိရာ ဝေဠုဝန်ကျောင်းတော်ကို ရောက်လာတဲ့အခါ မြတ်စွာဘုရားက ပရိသတ်ကို တရားဟောကြားနေဆဲအချိန် ဖြစ်နေတယ်။

> **ဘဝရဲ့ နိယာမသဘောတရားတွေကို နည်းနည်းသိရရင် နည်းနည်းကျင့်သုံးပြီး အနည်းငယ် ကောင်းကျိုးရပါတယ်။ များများသိလာပြီး များများကျင့်သုံးရင် ပိုမိုများပြားတဲ့ကောင်းကျိုးကို ရပေတယ်။ သိမြင်ခြင်းနဲ့ ကျင့်သုံးခြင်းဆိုတဲ့ အရာနှစ်ခု ပေါင်းမှသာ ထိုးထွင်းသိရှိ နားလည် သဘောပေါက်ခြင်းအဆင့်ကို ရောက်ရပါတယ်**

ဘုရားရှင်က “သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့ လာကြ၊ လာကြ” လို့ ရင်းရင်းနှီးနှီး အမည်ခေါ်ဝေါ်ပြီး နေရာပေးတယ်။

ဥပတိဿရဲ့မိခင် သာရီပုဏ္ဏေးမကို အစွဲပြုပြီး ရဟန်းဘွဲ့ သာရိပုတ္တရာ၊ သာရီပုဏ္ဏေးမရဲ့သားလို့ ခေါ်ခြင်း။

ကောလိတဟာလည်း မောဂ္ဂလီပုဏ္ဏေးမရဲ့ သားဖြစ်တာမို့ မိခင်အစွဲပြုပြီး ရဟန်းဘွဲ့ မောဂ္ဂလာန်လို့ ခေါ်ခြင်းပါ။ မြတ်စွာဘုရားရှင်ရဲ့ ကြီးမားတော်မူတဲ့ ဂုဏ်ပြုခြင်းပါ။ ရဟန်းအဖြစ်ပြုခွင့်တောင်းကြရာ ဘုရားက ရဟန်းပြုခွင့်ပေးပါတယ်။

**အရှင်နှစ်ပါး**

ရှင်မောဂ္ဂလာန်ဟာ ရဟန်းဖြစ်ပြီး ခုနစ်ရက်မြောက်နေ့မှာ ရဟန္တာဖြစ်ပါတယ်။

ရှင်သာရိပုတ္တရာကတော့ ရဟန်းဖြစ်ပြီး ၁၅ ရက်မြောက်တဲ့နေ့မှာ ရဟန္တာဖြစ်ပါတယ်။

ဘုရားရှင်ထံ တပည့်ခံပြီး မဆည်းပူး မနာယူနိုင်ဘူးဆိုတဲ့ သိဉ္စည်းဆရာကြီးကတော့ စိတ်နှလုံးထိခိုက်ကြေကွဲစိတ်ကျရောဂါနဲ့ ကွယ်လွန်သွားရှာပါတယ်။ မြတ်စွာဘုရားရဲ့ သစ္စာလေးပါး မြတ်တရားကို နာကြားသွားခွင့် မရရှာပါဘူး။

ရှင်သာရိပုတ္တရာဟာ ပညာအရာမှာ မြတ်စွာဘုရားမှလွဲပြီး လောကမှာအတော်ဆုံး၊ အချွန်ဆုံးဖြစ်တော်မူပါတယ်။ မြတ်စွာဘုရား နတ်ပြည်မှာ ဟောကြားတဲ့ အဘိဓမ္မာတရားတော်ကို လူ့ပြည်ဝယ် ဘုရားရှင်ကိုယ်စား မတိုမရှည်အနှစ်သာရတိကျစွာ ဟောကြားပေးတဲ့ ကျေးဇူးရှင် ရဟန္တာ လက်ယာတော်ရံ အရှင်မြတ်ပါပဲ။

**မွေးမေ့ကျေးဇူး**

ပရိနိဗ္ဗာန်မစံဝင်ခင် ဉာဏ်တော်နဲ့ ဆင်ခြင်တဲ့အခါ ရာဇဂြိုဟ်ပြည်အနီးက နာလကရွာကြီးမှာ မိခင်အိုကြီး ဗြဟ္မဏရူပသာရီဟာ သားအကြီးဆုံးအပါအဝင် သားသမီးခုနစ်ယောက်စလုံးက မြတ်စွာဘုရားသာသနာမှာ ရဟန်းနဲ့ သီလရှင်ပြုသွားလို့ သားကြီး မောင်ဥပတိဿကို အမုန်းကြီးမုန်း၊ စိတ်အနာကြီးနာနေတဲ့ မွေးမိခင်ကို မပျံလွန်ခင် ဇာတိရွာရှိ အမေ့အိမ်မှာ၊ အမေ့ကို တရားပြပြီး သစ္စာလေးပါး မြတ်တရားကို ဟောလေမှလို့ သတိရခဲ့မိပါတယ်။ မြတ်စွာဘုရားရဲ့ တာဝန်ပေးချက်အရ အခြားအခြား တာဝန်တွေလည်း ကျေပွန်ခဲ့ပြီးပြီ။ နောက်ဆုံးထွက်သက်ကိုတော့ အမေ့အိမ်ပြန်ပြီး မိမိမွေးဖွားလာခဲ့တဲ့အခန်းထဲမှာ မိခင်ကြီးကို တစ်ကြိမ်တည်းသော နောက်ဆုံးတရားကို ဟောတော်မူသွားပါတယ်။

ရှင်သာရိပုတ္တရာ ပျံလွန်တော်မူခန်းဟာ အလွန်တရာ စိတ်ထိခိုက်ကြေကွဲစရာကောင်းလှတဲ့ မိခင်နဲ့ သားသမီးခုနစ်ယောက်ထဲက အမေအားအကိုးခဲ့ဆုံးသော သားကြီးတစ်ဦးရဲ့ အိမ်ပြေးဘဝမှ ဘုရားရှင်ရဲ့ လက်ယာတော်ရံ ညာလက်ရုံး ရဟန္တာကြီးဖြစ်နေတာတောင် မသိရှာဘဲ သွေးဝမ်းရောဂါ အသည်းအသန်ဖြစ်မှ အမေ့အိမ်ကို ပြန်လာဖော်ရရှာတဲ့ အမေ့သားကြီး၊ စိတ်နာခဲ့ရသမျှ သနားမျက်ရည်ကျနေတဲ့ မိခင်ရဲ့ ကြေကွဲပူပန်မှုကို စာနာမိပါတယ်။

**တန်ခိုးရှင်**

အရှင်မဟာမောဂ္ဂလာန်လက်ဝဲတော်ရံ ရဟန္တာမြတ်ကြီးဟာလည်း ရှေးအခါ တစ်ခုသောဘဝမှာ ဇနီးမိုက်အလို အကြိုက်လိုက်ပြီး အဖေအို၊ အမေအို မျက်မမြင် မိဘနှစ်ပါးကို နွားလှည်းနဲ့ တောရပ်ကို တင်ခေါ်သွားပြီး ရိုက်နှက်နှိပ်စက် သတ်ဖြတ်ခဲ့ဖူးတဲ့ ဘဝဝဋ္ဋ်ကြွေးကြောင့် တန်ခိုးအရာပြိုင်ဘက်ကင်းတော်လွန်း၊ ထူးချွန်လွန်းလို့ နေ့စဉ် နေ့စဉ် နတ်ပြည်ခြောက်ထပ်လှည့်လည်ပြီး တရားဟောတော်မူတဲ့ အရှင်မြတ်ကြီး၊ မြင်းမိုရ်တောင်ကို ခွေပတ်နိုင်အောင်ကြီးမားတဲ့ တန်ခိုးစွမ်းသူ နန္ဒောပနန္ဒနဂါးမင်းကို တန်ခိုးဆန်းကြယ်ချင်း အံ့ဩဖွယ်ပြိုင်ဆိုင်ပြီး ယခုခေတ် Special Effect ရုပ်ရှင် တီဗွီတိုက်ပွဲပြကွက်မျိုးတွေထက် အဆပေါင်းများစွာ အရွယ်ကြီးကြီးတွေ၊ အရွယ်သေးသေးလေးတွေ ဖန်ဆင်းပြီး ရန်သူကို လက်နက်ချ အညံ့ခံအရှုံးပေးအောင် စွမ်းဆောင်ခဲ့တဲ့ လက်ဝဲတော်ရံ ရဟန္တာကြီး၊ တရားကျင့်ဆဲ လိုဏ်ဂူထဲမှာ ခိုးသားငါးရာ ရိုက်နှက်ခံရပြီး ပျံလွန်တော်မူရ။

**ကမ္မနိယာမ**

ကံ- ကံရဲ့အကျိုး၊ အကောင်းအဆိုး၊ အကြောင်းအကျိုးဟူသမျှဟာ ဘယ်သူမပြု မိမိမှုသာ ဖြစ်ပေါ်နေခြင်းပေါ့။

ဘဝရဲ့ နိယာမသဘောတရားတွေကို နည်းနည်းသိရရင် နည်းနည်းကျင့်သုံးပြီး အနည်းငယ် ကောင်းကျိုးရပါတယ်။ များများသိလာပြီး များများကျင့်သုံးရင် ပိုမိုများပြားတဲ့ကောင်းကျိုးကို ရပေတယ်။ သိမြင်ခြင်းနဲ့ ကျင့်သုံးခြင်းဆိုတဲ့ အရာနှစ်ခုပေါင်းမှသာ ထိုးထွင်းသိရှိ နားလည်သဘောပေါက်ခြင်းအဆင့်ကို ရောက်ရပါတယ်။ သာသနာသုံးရပ်ခေါ်ဆိုကြတဲ့ သဘောပါပဲ။

**ပရိယတ္တိသာသနာ** – သင်ယူဆည်းပူးခြင်း၊ **ပဋိပတ္တိ သာသနာ** – ကျင့်ကြံအားထုတ်ခြင်း၊ **ပဋိဝေဒ သာသနာ** – ထိုနှစ်ရပ်ကြောင့် ပေါ်ထွက်သော ကောင်းကျိုးရလဒ်အဖြေ။

နယ်ပယ်အလိုက်၊ ဘာသာရပ်အလိုက်၊ အကြောင်းအရာအလိုက် သုံးနှုန်းကြတဲ့ အမည်နာမတွေကတော့ နမူနာသာဓက ဒီလိုလည်း ရှိတတ်ပါသေးတယ်။

သဘောတရားနဲ့ လက်တွေ့ဘဝ၊ အပြောနဲ့ အလုပ်၊ စာတွေ့နဲ့ လက်တွေ့၊ အသိနဲ့ အကျင့်၊ ဝိဇ္ဇာနဲ့ စရဏ၊ သီအိုရီနဲ့ ပုစ္ဆာ၊ အဖြေ၊ စာတွေ့နဲ့ ကိုယ်တွေ့၊ သုတနဲ့ မုတ၊ အသိအမြင်နဲ့ အတွေ့အကြုံ၊ Theory and Practice၊ Learning and Exercise၊ Knowing and Applying(Knowledge & Application) စသဖြင့် မတိမ်းမယိမ်းတွေ အခေါ်အဝေါ်ရှိနိုင်ပါသေးတယ်။ ဘယ်ကော၊ ညာကော နှစ်ဖက်စလုံး ပေါင်းစပ်ပါဝင်မှ အောင်မြင်တယ်ဆိုတာကတော့ သိရမယ့် သဘောတရားတစ်ရပ်ပါ။ ။

# မြန်မာနိုင်ငံအစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမှုများနှင့် နယ်စပ်ဒေသတွင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ဖျက်မီဒီယာများမှ ဖြန့်ဝေလျက်ရှိသည့် ကောလာဟလ ဝါဒဖြန့် သတင်းတု၊ သတင်းအမှားများ ထုတ်လွှင့်နေမှုများ၊ ၂၂-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်လာတဲ့ နိုင်ငံခြားသားတွေကို စစ်ဆေးပြီး နေရပ်ပြန်လွှတ်တာတွေ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ဒီနေ့ နိုဝင်ဘာလ ၂၂ ရက်မှာတော့ နယ်စပ်ဒေသအသီးသီးမှာ ဝင်ရောက်နေတဲ့ တရုတ်အမျိုးသား ၁၀၉၁ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၁၂၈၈ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကို ပြန်လည်လွှဲပြောင်းပေးခဲ့ပါတယ်။ နိုဝင်ဘာလ ၂၂ ရက်နေ့ ဒီနေ့ထိ စုစုပေါင်း ၅၂၀၆ ဦး ရှိပြီးဖြစ်ပါတယ်။ ဒါ့ပြင် တခြားနိုင်ငံခြားသားတွေကိုလည်း သက်ဆိုင်ရာနိုင်ငံတွေနဲ့ ဆက်သွယ်ပြီး ပြန်လည်အပ်နှံတာတွေ၊ တရုတ်နိုင်ငံဘက်က တစ်ဆင့်ပြန်လည်အပ်နှံတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေးနဲ့ နယ်စပ်ဒေသမှာ တရားမဝင်လုပ်ငန်းများ ပပျောက်စေရေးအတွက် တရုတ်နိုင်ငံအစိုးရနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာတော့ မနေ့က ကျွန်တော်ပြောသလိုပဲ အနောက်နိုင်ငံအားပေး ပြည်ဖျက်မီဒီယာတချို့အနေနဲ့ကတော့ ဒီလုပ်ငန်းတွေအပေါ်မှာ နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်အောင် အကြောင်းအမျိုးမျိုးဖန်တီးပြီး ရေးနေတာတွေတွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာနိုင်ငံတွေနဲ့ လက်တွဲပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ကောလာဟလသတင်းတွေပေါ့။ ဘယ်လောက်ထိလုပ်သလဲဆိုရင် ရန်ကုန်မှာဆိုရင် ပေါ်တာဆွဲနေပြီဆိုတဲ့ သတင်းမျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နေတာမျိုး တွေ့ရှိရပါတယ်။ ပြည်ဖျက်မီဒီယာတွေအနေနဲ့ ဒီသတင်းကိုပဲ မနေ့ကစပြီး ဒီနေ့မှာ ပိုဆိုးတာပေါ့။ မနေ့ကစပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နေတာ တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရန်ကုန်မှာရှိတဲ့ ဒေသခံတွေ မေးကြည့်လည်းသိပါတယ်။ အားလုံးသိပြီးသားဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ ဘယ်နေရာမှ တပ်မတော်အနေနဲ့ ဒီအလုပ်မျိုး လုပ်စရာအကြောင်းမရှိပါဘူး။ တပ်မတော်အနေနဲ့ စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းဟောင်းများကိုပင် ဆင့်ခေါ်ခြင်း မရှိဘူးဆိုတာကို ကျွန်တော်တို့ပြောလိုပါတယ်။ ပြည်သူလူထုအနေနဲ့ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ကြောင်း အသိပေးပြောကြားလိုပါတယ်။ ဒါတွေဘာလို့ဖြစ်လာတယ်ဆိုတော့အဓိကကတော့မငြိမ်မသက်ဖြစ်နေတဲ့နေရာမြေ၊ သောင်းကျန်းမှုဖြစ်နေတဲ့နယ်မြေမှာ သူတို့ကိုယ်တိုင်လုပ်ဆောင်နေတဲ့အလုပ်တွေကို ဖုံးကွယ်ချင်လို့ ဖြစ်ပါတယ်။ MNDAA အနေနဲ့ မူဆယ် မုံးကိုးဒေသ မုံးကိုးမှာရှိတဲ့ ဟေမိုးလုံသာသနာပြုကျောင်းက




သံဃာ ၂၆ ပါးကိုဖမ်းသွားပါတယ်။ အဲဒီအထဲက လေးပါးကို စစ်သားအဖြစ် အဓမ္မစစ်သားစုဆောင်းခဲ့တာရှိပါတယ်။ သူတို့အနေနဲ့ ကိုးကန့်ဒေသမှာ ဘယ်သူမဆို စစ်မှုထမ်းရမယ်၊ တစ်အိမ်တစ်ယောက်စစ်မှုထမ်းရမယ်ဆိုပြီး တရားဝင်ပြောကြားထားချက်တွေရှိပါတယ်။ ဒါတွေကို ဖုံးကွယ်ချင်လို့ လုပ်နေတာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ AA အနေနဲ့ ပေါက်တောမှာ AA က ထိန်းသိမ်းထားပြီဆိုပြီး ကြေညာခဲ့တယ်။ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြန်လည်ဝင်ရောက်တဲ့အခါမှာ AA အနေနဲ့ထွက်ပြေးသွားတယ်။ အခုပေါက်တောမှာ ကျွန်တော်တို့ မနေ့ကစပြီး လုံခြုံရေးအဖွဲ့တွေကို ပစ်ခတ်တိုက်ခိုက်တာမျိုးရှိတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ နေတဲ့နေရာဟာ လူနေရပ်ကွက်တွေနဲ့ ဘာမှမဆိုင်ပါဘူး။ လုံခြုံရေးနေရာတွင် နေထိုင်ခြင်းဖြစ်ပါတယ်။ ပေါက်တောမှာ ယခင်ကတည်းကတိုင် ဒေသခံတွေက သူ့အိမ်နဲ့သူ နေကြတဲ့လူတွေပဲဖြစ်ပါတယ်။ ဒါတွေကို AA အနေနဲ့ ဒီနေရာတွေကို ဝင်ရောက်နေရာယူနိုင်ဖို့အတွက် ဒေသခံတွေကို နှင်ထုတ်ခဲ့တာဖြစ်ပါတယ်။ ဒီနှင်ထုတ်ခဲ့တာကိုပဲ ပြောင်းပြန်လှန်ပြီး ဓားစားခံအနေနဲ့ သုံးနေတဲ့သူတွေကို ကယ်ထုတ်ဆိုပြီး လုပ်ကြံသတင်း ဝါဒဖြန့်မှုပဲ ဖြစ်ပါတယ်။ ဒါ့မူဆယ် ၁၀၅ မိုင်စခန်းကို MNDAA အနေနဲ့ အဝေးကနေ ပစ်ခတ်ခဲ့တာရှိပါတယ်။ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ MNDAA က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီးကျည်ကျပြီးတော့ သံဃာအချို့ ဒဏ်ရာရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ လောက်ကိုင်မြို့ကိုလည်း အကြောင်းမဲ့ ရှော့တိုက်ဒုံး ၁၃ လုံးနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ဒီပစ်ခတ်မှုကြောင့် တုံချိန်မှာရှိတဲ့ ကား တစ်စီး ထိမှန်ခဲ့တာမျိုးလည်း ဖြစ်ခဲ့ပါတယ်။

ဒီနေ့မှာတော့ ရှမ်းပြည်နယ်( အရှေ့မြောက်ဒေသ)မှာ နမ့်စလပ်၊ မုံးကျက်၊ တာမိုးညဲဒေသတွေမှာတော့ ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားနေတာရှိပါတယ်။ ကယားပြည်နယ်မှာတော့ အကျဉ်းထောင်နဲ့ မီးသတ်ကို လာရောက်ပစ်ခတ်တာမျိုးတွေရှိကြောင်း တွေ့ရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မနေ့က ကျွန်တော်ပြောခဲ့သလို ထရွှန်အိုင်စခန်းတို့၊ နှီးဘူးစခန်းတို့ကို လာရောက်ပြီး ပစ်ခတ်တာရှိပါတယ်။ တပ်မတော်ဘက်က ပြန်လည်ပစ်ခတ်ရာမှာ ပြန်လည်ဆုတ်ခွာသွားတာမျိုးရှိပါတယ်။ ကယားပြည်နယ် လွိုင်ကော်မြို့တစ်ဝိုက်မှာ စစ်ရေးနဲ့ မဆိုင်တဲ့ လူနေရပ်ကွက်တွေထဲကို ဝင်ရောက်တာတွေ၊ ပစ်ခတ်တာတွေကို KNPP အနေနဲ့ ဆက်လက်လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်နေတဲ့အတွက် ကယားပြည်နယ်နဲ့ ဆက်စပ် ရှမ်းပြည်နယ်တောင်ပိုင်း PNLO ပအိုဝ်းအခြေပြုဒေသတွေမှာ ကယားပြည်နယ်က စစ်ဘေးရှောင်တွေ တစ်သောင်းလောက် ရောက်ရှိနေတာတွေ့ရပါတယ်။ ခိုလှုံဖို့စခန်းတွေလည်း ၂၀ ကျော် လောက်ဆောင်ရွက်ထားရတာရှိပါတယ်။ ဒီဒေသတွေမှာ ပအိုဝ်းဒေသခံတွေ PNLO အဖွဲ့တွေနဲ့ အစိုးရတို့ပူးပေါင်းပြီး စစ်ဘေးရှောင်တွေအတွက် လုပ်ဆောင်ပေးနေတာတွေရှိပါတယ်။ ဒေသခံပြည်သူလူထုအနေနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ သိရှိထားရမှာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုပေါင်းစုံဖွဲ့စည်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းဒေသကြီးတစ်ခုမှာပဲဖြစ်ဖြစ်၊ ပြည်နယ်တစ်ခုမှာပဲဖြစ်ဖြစ်၊ ဒေသတစ်ခုမှာပဲဖြစ်ဖြစ် တိုင်းရင်းသားလူမျိုး သီးသန့်နေထိုင်တဲ့နေရာဆိုတာ တော်တော်ရှားပါးပါတယ်။ မရှိပါဘူး။ အားလုံးဟာ စုပေါင်းပြီးနေထိုင်တာဖြစ်ပါတယ်။ စုပေါင်းပြီးနေထိုင်တဲ့နေရာမှာ အန္တရာယ်များတာဟာ လက်နက်ကိုင်ထားတဲ့ အဖွဲ့အစည်းတွေက လူမျိုးတစ်စုအနေနဲ့လွှမ်းမိုးဖို့လုပ်နေတာဟာ အန္တရာယ်များတဲ့လုပ်ငန်းစဉ်တွေပဲဖြစ်ပါတယ်။ ဒီနေ့ မှာဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ဘက်နေရာမှာ နောင်ပိုအောင်မှာ SNA ရှမ်းနီအဖွဲ့နဲ့ KIA၊ PDF ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ဒါတွေဟာ အစိုးရကို၊ လုံခြုံရေးအဖွဲ့တွေကို တိုက်ခိုက်နေတာထက် တိုင်းရင်းသားလူမျိုးစုအချင်းချင်းပါ ပဋိပက္ခဖြစ်ပွားအောင် လုပ်ဆောင်နေတာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ အဓိက သူတို့ကြွေးကြော်နေတဲ့ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သတိရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ပြန်လည်အေးချမ်းဖို့၊ လုံခြုံမှုရှိစေဖို့အတွက် ဒီလိုအဖျက်သမားစိတ်ဓာတ်မျိုးရှိတဲ့ သောင်းကျန်းသူတွေကို ပြည်သူလူထု တစ်ရပ်လုံးအနေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး အမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တောင်ကြီးမြို့၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**တောင်ကြီး နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးမျိုးခိုင်၏ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါအခမ်းအနားတွင် ပြည်နယ်လူမှုဖူလုံရေးရုံး ပြည်နယ်တာဝန်ခံ ဒေါ်သန္တာဝင်း (ဒုတိယညွှန်ကြားရေးမှူး)က နှုတ်ခွန်းဆက်အမှာစကားနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးမျိုးခိုင်၏မိခင်ဖြစ်သူအား ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၈၁၀၀၀၀၀ နှင့် အာမခံအလုပ်သမား နှစ်ဦး၏ ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေ ၈၆၄၆၆၉ ကျပ်ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဒေါ်ရတနာခင်က အာမခံ အလုပ်သမား သုံးဦး၏ ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေ ၂၀၁၀၁၈၃ ကျပ်ကိုလည်းကောင်း စုစုပေါင်းငွေ ၁၀၉၇၄၈၅၂ ကျပ်ကို ပြည်နယ် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများ၊ အလုပ်ရှင်/အလုပ်သမား ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပေးအပ်ခဲ့သည်။

တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာန စုစုပေါင်း ၇၈၀ ရှိပြီး အာမခံအလုပ်သမားပေါင်း ၁၀၃၁၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပုံမှန်အတိုင်းဖွင့်ထားပြီး ယာဉ်များ ပုံမှန်သွားလာနေ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပုံမှန်အတိုင်း ဖွင့်ပေးထားသောကြောင့် ယာဉ်များလည်း ပုံမှန်အတိုင်း ဖြတ်သန်းသွားလာ မောင်းနှင်အသုံးပြုလျက်ရှိကြောင်း အဝေးပြေးယာဉ်ရပ်နားစခန်းမှ သိရသည်။

"အမြန်လမ်းမကြီးမှာ ကားတွေလည်း ပုံမှန်သွားနေပါတယ်။ အရင်က ည ၁၂ နာရီဆိုရင် မဖြတ်ရတာတွေတောင်မှ အခုဆိုရင် ဖြတ်သန်းသွားလာ မောင်းနှင်နေကြပါတယ်။ အဝေးပြေးယာဉ်တွေလည်း ပုံမှန်အတိုင်း ပြေးဆွဲနေပါတယ်"ဟု ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ပိတ်လိုက်ကြောင်း ကောလာဟလသတင်းအချို့ စတင်ထွက်ပေါ်နေသည့်အပေါ် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းတာဝန်ရှိသူက ပြောသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ရန်ကုန်-နေပြည်တော် လမ်းပိုင်းကို ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်ကလည်းကောင်း၊ နေပြည်တော်-စကားအင်းလမ်းပိုင်းကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂၉ ရက်ကလည်းကောင်း၊ စကားအင်း-တံခွန်တိုင် (မန္တလေး) လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၃၃၆ မိုင် ၃ ဖာလုံအရှည်ရှိကာ မြို့နယ်ပေါင်း ၂၂ မြို့နယ်ကို ဖြတ်သန်းဖောက်လုပ်ထားခြင်း ဖြစ်သည်။

ယခုအခါ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် မောင်းနှင်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များတွင် Telematics စနစ် တပ်ဆင်အသုံးပြုရန် ပြင်ဆင်နေသောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က Telematics စနစ်နှင့် ပတ်သက်၍ အိတ်ဖွင့်တင်ဒါခေါ်ယူထားကြောင်းလည်း သိရသည်။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သွားလာလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အမြန်လမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များ သွားလာနေမှုကို Command Centre မှ ထိန်းချုပ်ကြည့်ရှုရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးခိုင်**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည် လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသားအမျိုးသား ၁၀၉၁ ဦး၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၁၂၈၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၂ ရက်အထိ တရုတ်နိုင်ငံသားအမျိုးသား ၄၈၂၄ ဦး၊ အမျိုးသမီး ၃၈၂ ဦး စုစုပေါင်း ၅၂၀၆ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသားများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။



နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသားများအား တွေ့ရစဉ်။

# လောက်ကိုင်မြို့တွင် စစ်ဘေးရှောင်ကားတစ်စီးကို ဒုန်းကျည်ထိမှန်ကာ လူထိခိုက်သေဆုံးမှုရှိခဲ့ပြီး တပ်မတော်ကပစ်ခတ်သော လက်နက်ကြီးကျည်ဟု MNDAA ပြန်ကြားရေး တာဝန်ခံပြောကြားသည်ဟု လုပ်ကြံသတင်းအား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင် MNDAA၊ TNLA နှင့် AA လက်နက်ကိုင် သောင်းကျန်းသူများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုကြောင့် မြို့နယ်အချို့တွင် ဒေသခံပြည်သူများ ခေတ္တတိမ်းရှောင်နေကြလျက်ရှိရာ ယနေ့ နံနက် ၉ နာရီခွဲတွင် လောက်ကိုင်မြို့အနီး တုံချိန်အရပ်တွင် စစ်ဘေးရှောင်ပြည်သူများ လိုက်ပါလာသည့် ကားတစ်စီးအား လက်နက်ကြီးကျည်ထိမှန်ပြီး ကားပေါ်တွင် ပါလာသည့်သူများ ထိခိုက်သေဆုံးမှုရှိကြောင်း စစ်ဘေးရှောင်ပြည်သူများထံမှ သိရှိရကာ အဆိုပါပစ်ခတ်မှုသည် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်)မှ ပစ်ခတ်ခြင်းဖြစ်ကြောင်း MNDAA ပြန်ကြားရေးတာဝန်ခံ လီကျားဝင်းက ပြောကြားသည်ဆိုသည့် သတင်းအား လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံဖြန့်ဝေမှုကို တွေ့ရှိရသည်။




အဆိုပါ ပစ်ခတ်မှုဖြစ်စဉ်အား လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းမရှိကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများက တပ်မတော်စခန်းတစ်ခုအား ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆန်သည် စစ်ဘေးရှောင်ပြည်သူများလိုက်ပါလာသည့် ကားတစ်စီးအား ထိမှန်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံပြည်သူအချို့နှင့် အခြားသတင်းအရင်းအမြစ်များအရ သိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် ဒေသအတွင်း မတည်မငြိမ်ဖြစ်စေရန်၊ ဒေသခံတိုင်းရင်းသားများအား အကြောက်တရားဖြင့် ၎င်းတို့အား ထောက်ခံအားပေးလာစေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားလာစေရန် ရည်ရွယ်၍ လုပ်ကြံသတင်းများ ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# "ရန်ကုန်မြို့တွင် ပေါ်တာဆွဲသည့် သတင်းကြောင့် ညဘက်သွားလာသူ နည်းလာ" ဟူသည့် ကောလာဟလ မဟုတ်မမှန်သတင်းများ ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်ပေါ်မှ လူပျောက်ကြော်ငြာများကြောင့် ရန်ကုန်မြို့တွင် ပေါ်တာဆွဲသည်ဟုဆိုပြီး မြို့နယ်အချို့တွင် ညပိုင်း လမ်းမများအပေါ် လူအသွားအလာ ယခင်ကထက် နည်းပါးလာကြောင်း၊ ညမှောင်သည်နှင့် ယခင်ကကဲ့သို့ လူသိပ်မရှိတော့ကြောင်း၊ ဈေးဆိုင်များလည်း စောစောသိမ်းလာကြောင်းနှင့် အလုပ်သမားများလည်း စောစောပြန်ကြသည်ဟု ကောလာဟလ မမှန်သတင်းများထုတ်လွှင့်၍ အများပြည်သူကြောက်ရွံ့ထိတ်လန့်စေရန် ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။




အဆိုပါ ဖော်ပြမှုများသည် မဟုတ်မမှန်ကြောင်းနှင့် ကောလာဟလသတင်းများသာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရသိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများအပေါ် ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများအကြား ကြောက်ရွံ့ထိတ်လန့်စေရန်ရည်ရွယ်၍ ကောလာဟလ သတင်းအမှားများ ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌အသိပညာပေးဆိုင်းဘုတ်ကို ယနေ့ ညနေ ၃ နာရီက အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းရှိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့ (စုပေါင်းရုံးရှေ့)၌ စိုက်ထူသည်။

အဆိုပါဆိုင်းဘုတ်တွင် ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အိမ်တွင်းအကြမ်းဖက်မှုများ၊ သက်ငယ်မုဒိမ်းမှု၊ ကျားမအခြေပြု အကြမ်းဖက်မှု၊ ကလေးသူငယ်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အို ကိစ္စရပ်များအတွက် တိုင်ကြားနိုင်သည့် Helpline ဝန်ဆောင်မှု ဖုန်းနံပါတ်များ ပါရှိသည်။

ဆိုင်းဘုတ်စိုက်ထူရာတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မင်းမင်းထွေးနှင့် အဖွဲ့ဝင်များ၊ ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နီလာသန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မူယာအုန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် ရွှေယမင်းခိုင်၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စိုက်ထူခဲ့ကြောင်း သိရသည်။ **ဥဩဖ်ဟိန်း**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အစ္စရေးတပ်မတော်နှင့် ဟားမတ်စ်စစ်သွေးကြွအဖွဲ့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိ



ဂျေရုဆလင် နိုဝင်ဘာ ၂၂

အစ္စရေးတပ်မတော်နှင့်ဟားမတ်စ်စစ်သွေးကြွအဖွဲ့အကြား ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် နိုဝင်ဘာ ၂၂ ရက်တွင် သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

ယင်းသဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့က ၎င်းတို့ထိန်းသိမ်းထားသည့်ဓားစာခံများကို လွှတ်ပေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အစ္စရေးဘက်မှလည်း ပါလက်စတိုင်း အကျဉ်းသားများကို လွှတ်ပေးရန်နှင့်ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ဝင်ရောက်ခွင့်ပြုရေး ဆောင်ရွက်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားသည်။ ယခုရရှိသည့်သဘောတူညီချက်အရ ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံ အမျိုးသမီးများနှင့် ကလေးငယ်များအနည်းဆုံး ၅၀ ကို လွှတ်ပေးမည်ဖြစ်ကာ အပြန်အလှန်အားဖြင့် အစ္စရေးအကျဉ်းထောင်များမှ ပါလက်စတိုင်း အမျိုးသမီးနှင့် ဆယ်ကျော်သက်အရွယ် ဓားစာခံ စုစုပေါင်း ၁၅၀ ခန့်ကို လွှတ်ပေးရမည်ဖြစ်သည်။ ၎င်းဓားစာခံများကို အပစ်အခတ်ရပ်စဲရေး သတ်မှတ်ကာလဖြစ်သည့် လေးရက်အတွင်း အသုတ်လိုက်ခွဲ၍ လွှတ်ပေးမည်ဖြစ်ပြီး ယင်းကာလအတွင်း အပစ်အခတ်ရပ်စဲရေးကို အပြည့်အဝဆောင်ရွက်မည်ဖြစ်သည်။ ပဋိပက္ခကာလအတွင်း ညှိနှိုင်းမှုများ အကြိမ်ကြိမ်ဆောင်ရွက်ပြီးနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို အစ္စရေးနှင့်ရရှိခဲ့ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။ ယင်းအပစ်အခတ်ရပ်စဲရေးကာလအတွင်း အစ္စရေးတပ်မတော်က ဂါဇာဒေသတွင် စစ်ရေးလှုပ်ရှားမှုများ ဆောင်ရွက်မည်မဟုတ်ဘဲ ဆေးဝါးနှင့်လောင်စာများ တင်ဆောင်လာသည့် ထရပ်ကားများကိုလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခတင်းမာမှုလျှော့ချရေးနှင့် အရပ်သားများသေဆုံးမှုမှ ကာကွယ်ရေးအတွက် သံတမန်နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ကာတာနိုင်ငံက ပြောကြားသည်။ ကာတာနိုင်ငံသည် ယင်းပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစတင်၍ ပဋိပက္ခအဆုံးသတ်ရေးနှင့် ထိန်းသိမ်းခံရသည့် ဓားစာခံများ လွှတ်မြောက်ရေးအတွက် သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းအပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း အစ္စရေးတပ်မတော်က ဂါဇာဒေသခံများကို ဂါဇာဒေသမြောက်ပိုင်းမှ တောင်ပိုင်းသို့ သွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ဟားမတ်စ်အဖွဲ့က လွှတ်ပေးမည့် ဓားစာခံ ၅၀ အနက် အများအပြားမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၏ အမေရိကန်ဒေါ်လာ ၁၆၃ သန်းတန်ဖိုးရှိ ရေပေးဝေရေးနှင့် သန့်ရှင်းရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်က အတည်ပြု



**ဖနောင်ပင် နိုဝင်ဘာ ၂၂**

ကမ္ဘာ့ဘဏ်က ကမ္ဘောဒီးယားနိုင်ငံ၏ ရေပေးဝေရေးနှင့် သန့်ရှင်းရေး ဝန်ဆောင်မှုများကို ပံ့ပိုးကူညီရန် အမေရိကန်ဒေါ်လာ ၁၆၃ သန်းတန်ဖိုးရှိ စီမံကိန်းကို အတည်ပြုခဲ့ကြောင်း ယနေ့ သတင်းထုတ်ပြန်သည်။

**အထောက်အကူပြုမည်**

အဆိုပါစီမံကိန်းသည် ပြည်နယ်လေးခုရှိ ရေပေးဝေရေးနှင့် သန့်ရှင်းရေး ဝန်ဆောင်မှုများ အားကောင်းလာစေရန် အထောက်အကူပြုမည် ဖြစ်သည့်အပြင် လူဦးရေ ၁၇၅၀၀၀ ကျော်ကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသား သုံးပုံတစ်ပုံသည် ဘေးကင်းလုံခြုံစွာ စီမံထားသော ရေပေးဝေမှုကို ရရှိပြီး ဘေးကင်းလုံခြုံစွာ စီမံထားသော မိလ္လာကန်စနစ်ကို အသုံးပြုခဲ့ရကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဒီပံ့ပိုးကူညီမှုက ကမ္ဘောဒီးယားနိုင်ငံသားအားလုံးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဝန်ဆောင်မှုတွေ ရရှိစေဖို့ ခိုင်မာတဲ့အခြေခံအုတ်မြစ်ကို တည်ဆောက်ရာမှာ အစိုးရကို အထောက်အကူပြုစေမှာဖြစ်ပြီး၊ အထူးသဖြင့် ကျေးလက်ဒေသမှာရှိတဲ့ ဆင်းရဲနွမ်းပါးတဲ့ ပြည်သူတွေအတွက် များစွာသော အကျိုးကျေးဇူးတွေကို ဆောင်ကျဉ်းပေးမှာပါ"ဟု ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်မန်နေဂျာ မာယမ်ဆာလင်မ်က ဆိုသည်။

အဆိုပါ ရေပေးဝေရေးနှင့် သန့်ရှင်းရေးဆိုင်ရာ စီမံကိန်းသည် ခြောက်နှစ်ခန့် ကြာမြင့်မည်ဖြစ်သည်။

ယင်းစီမံကိန်းသည် ဘေးကင်းသော ရေပေးဝေမှုနှင့် မိလ္လာကန်စနစ်ကို အဆင့်မြှင့်တင်ရန်၊ ရှိပြီးသားစနစ်များကို ပြုပြင်ထိန်းသိမ်းမှု မြှင့်တင်ရန်နှင့် ဝန်ဆောင်မှုများ ရေရှည်တည်တံ့ရေးသေချာစေရန် အစိုးရ၏ လုပ်ဆောင်ချက်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

**ဦးစားပေးကဏ္ဍတစ်ခုဖြစ်**

ရေပေးဝေမှုကဏ္ဍသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးကို မြှင့်တင်ရန်အတွက် ဦးစားပေးကဏ္ဍ တစ်ခုဖြစ်ကြောင်း ကမ္ဘောဒီးယားစက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီး ဟမ်ဗန်ဒီက ပြောကြားသည်။

စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဝန်ကြီးဌာနသည် ရေပေးဝေရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာနက စီမံကိန်းအရ မြို့ပြ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# အစ္စရေးတပ်မတော်နှင့် ဟားမတ်စ်အဖွဲ့တို့အကြား လေးရက်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ရုရှားကြိုဆို

**မော်စကို နိုဝင်ဘာ ၂၂**

အစ္စရေးတပ်မတော်နှင့်ဟားမတ်စ်အဖွဲ့တို့အကြား လေးရက်ကြာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့ခြင်းကို ရုရှားနိုင်ငံက ကြိုဆိုကြောင်း ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာ ဇာကာရိုဗာက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။ ယင်းသဘောတူညီချက်ကို ကြိုဆိုကြောင်းနှင့် ရုရှားနိုင်ငံသည် ပဋိပက္ခစတင်ချိန်ကပင် အပစ်အခတ်ရပ်စဲရေးအတွက် တောင်းဆိုခဲ့ကြောင်း ဇာကာရိုဗာက ထပ်လောင်းပြောကြားသည်။ ယင်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် ကာတာနိုင်ငံက ကြိုးပမ်းဆောင်ရွက်ခဲ့သည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ယခုအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အရေးကြီးသည့် ဆုံးဖြတ်ချက်ဖြစ်ပြီး ပဋိပက္ခအရှိန်လျော့လာစေရေးအတွက် မျှော်လင့်ချက်ဖြစ်ကြောင်းနှင့် ယခုရရှိခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး မပျက်စေရေးအတွက် ထိန်းသိမ်းရေးသည် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။ အစ္စရေးနှင့်ဟားမတ်စ်အဖွဲ့တို့အကြား ကာတာနိုင်ငံက ကြားဝင်စေ့စပ်မှုဖြင့် လေးရက်ကြာအပစ်အခတ်ရပ်စဲရေးအတွက် နိုဝင်ဘာ ၂၂ ရက်တွင် သဘောတူညီခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# OpenAI ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဆမ်အော်မန် ရာထူးတာဝန်များ ပြန်လည်ထမ်းဆောင်မည်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

ဉာဏ်ရည်တုနည်းပညာကို တီထွင်သည့် OpenAI ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဆမ်အော်မန်သည် ဘုတ်အဖွဲ့မှ ထုတ်ပယ်ခံရပြီးနောက် ရက်ပိုင်းအတွင်း အမှုဆောင်အရာရှိချုပ်အဖြစ် ရာထူးတာဝန်များကို ပြန်လည်ထမ်းဆောင်မည်ဖြစ်ကြောင်း OpenAI က ယမန်နေ့တွင် ကြေညာသည်။

အမှုဆောင်အရာရှိချုပ် ဆမ်အော်မန်၏ OpenAI ကို ဆက်လက်ဦးဆောင်နိုင်မှုအပေါ် ယုံကြည်မှုမရှိတော့ကြောင်း OpenAI ၏ဒါရိုက်တာဘုတ်အဖွဲ့က ပြောကြားပြီး ဆမ်အော်မန်ကို ပြီးခဲ့သည့်အပတ်က ရာထူးမှထုတ်ပယ်ခဲ့သည်။

မိုက်ခရိုဆော့ဖ် ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Satya Nadella က ဆမ်အော်မန်နှင့် OpenAI ၏ ပူးတွဲတည်ထောင်သူ Greg Brockman တို့ကိုငှားရမ်းပြီး အဆင့်မြင့် ဉာဏ်ရည်တုနည်းပညာ(AI)သုတေသနအဖွဲ့ကို ဦးဆောင်စေမည်ဟု နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

OpenAI ကုမ္ပဏီ၏ ဝန်ထမ်း ၇၇၀ အနက်မှ ၇၀၀ ကျော်သည် နိုဝင်ဘာ ၂၀ ရက်တွင် ကုမ္ပဏီသို့ အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ အဆိုပါပေးစာတွင် OpenAI ကုမ္ပဏီ၏ ဘုတ်အဖွဲ့နုတ်ထွက်ရေး တောင်းဆိုခဲ့ပြီး အမှုဆောင်အရာရှိချုပ် ဆမ်အော်မန်နှင့် OpenAI ၏ ပူးတွဲတည်ထောင်သူ Greg Brockman တို့ကို ပြန်လည်ခေါ်ယူပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

OpenAI ကုမ္ပဏီက အမှုဆောင်အရာရှိချုပ် ဆမ်အော်မန်နှင့် Greg Brockman တို့ကို ပြန်လည်ခေါ်ယူမည်ဖြစ်ပြီး ဘုတ်အဖွဲ့ကိုလည်း အသစ်ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ငါးခုတွင် မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့နေ

ဂျကာတာ နိုဝင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ငါးခုတွင် မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။ ယခုလက်ရှိ ရောဂါအတည်ပြုကူးစက်ခံရသူ ၅၁ ဦးရှိသည့်အနက် ၃၀ မှာ ပြန်လည်ကျန်းမာလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အများပြည်သူဝန်ဆောင်မှုနှင့်ဆက်သွယ်ရေးဌာနအကြီးအကဲ ဆီတာနာဒီယာတီမီဇီက မှတ်ချက်ပြုပြောကြားသည်။ မြို့တော်ဂျကာတာတွင် ရောဂါကူးစက်မှုအများဆုံးဦးရေအဖြစ် ၃၈ ဦး ကူးစက်ခံရသည့်အနက် ၂၃ ဦး ပြန်လည်ကျန်းမာလာခဲ့သည်။ အခြားဒေသတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူများမှာ အနောက်ဂျာဗားတွင် ခြောက်ဦး၊ ဗန်တန်တွင်ငါးဦး၊ ရိုင်ယူတွင် တစ်ဦးနှင့် အရှေ့ဂျာဗားတွင် တစ်ဦးတို့ဖြစ်သည်။ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများအနက်အချို့တွင် အိတ်ချ်အိုင်ဗွီနှင့်ဆစ်ဖလစ်ရောဂါပိုးများကူးစက်ခံရသည်ကို တွေ့ရှိရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံတွဲခရိုင် ဂွမြို့နယ်၌ တရားမဝင် အခြားသစ် ၃၉ ဒသမ ၄၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၈၁၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးဝမြို့နယ်၌ လိုင်စင်မဲ့ RAY-Z ဆိုင်ကယ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ နိုဝင်ဘာ ၂၁ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုဗ္ဗသီရိမြို့နယ်၌ လိုင်စင်မဲ့ Nissan March ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ ပိုင်ရှင်မှထုတ်ယူလိုသောဆန္ဒမရှိသည့် Electric Drill အုတ်ဖောက်စက် (Used) တစ်လုံး အပါအဝင် ကုန်ပစ္စည်းလေးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀)နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Toilet Seat Cover ၄၅၅ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၅၀၀၀)ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် GU Sport တီရှပ် ၂၃၂ ထည်၊ GARNIBO ခေါင်းလျှော်ရည် ၂၄၈ ဘူးအပါအဝင် ကုန်ပစ္စည်း ၁၇ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၈၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၁၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Ballpen အချောင်း ၁၂၀၀၀၊ Coat Rack Steel အင်္ကျီချိတ် အခု ၂၀ နှင့် Vee Rubber ဆိုင်ကယ်တာယာ အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၆၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

ထို့အပြင် နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လမ်းမတော်မြို့နယ် ဝါးတန်းကုန်စည်ဒိုင်အတွင်းရှိ ဂိုဒေါင်အမှတ် (၅၈)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါ ၅၅၂ ဘူး၊ နှစ်လီတာပါ ဘူး ၄၈၀ နှင့် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ၂၁ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၉၄၀၀၀) ကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် ဝါးတန်းဆိပ်ကမ်းရှိ D-2 သိုလှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ တစ်လီတာပါ ၂၁၆ ဘူး၊ နှစ်လီတာပါ ၁၃၂ ဘူးနှင့် ငါးလီတာပါ ၄၈ ဘူး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Cream Hardener လုပ်ငန်းသုံးကော်ဘူး ၅၃၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၇၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၃၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၆၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၈၀၂၄၅၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်၊ အလုံမြို့နယ်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ ရပ်ကွက် ကွမ်းခြံလမ်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ ပိုင်ပိုင်(ခ) စိုင်းမင်းခန့်ကို စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၈ ကီလိုကို လည်းကောင်း၊ အလုံမြို့နယ် စောရန်ပိုင်(တောင်)ရပ်ကွက် ငုဝါလမ်းရှိ မောင်မောင်နိုင်(ခ) ကျားရှင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀၊ အိုက်စ် သုည ဒသမ ၃၅ ကီလို၊ ကက်တမင်း သုည ဒသမ ၀၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ ၄၅ မိနစ်တွင် သဃ်္ဃန်းကျွန်းမြို့နယ် ဇ/မြောက် ရပ်ကွက် ရွာလယ်လမ်းရှိ သီဟန်လင်း(ခ) သီဟန်(ခ) ကိုသီ၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ



နေပြည်တော် နိုဝင်ဘာ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၃ ဒသမ ၇၄၇၈ တန်၊ သစ်မာ သုည ဒသမ ၂၂၉၂ တန်၊ အခြား ၁၇ ဒသမ ၂၂၆၄ တန် စုစုပေါင်း ၃၁ ဒသမ ၂၀၃၄ တန်၊ ယာဉ်/ယန္တရား ရှစ်စီး၊ တရားခံ ခြောက်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁၁-၂၀၂၃ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ် ဓဇဂ္ဂသုတ်၊ အနန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ရိုက္ခာပြည့်ဖြိုးဝင်ငွေတိုးဖို့ပုလုံကြွယ်ဝသားငါးကဏ္ဍ
- ၀၉:၁၅ NRC အစီအစဉ်
- ၀၉:၄၅ နှပ်မှုံ့သက်ရှည်ကျန်းမာဖို့ကိုယ်လက်လှုပ်ရှားကစားကြပါစို့
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၂၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၁၄)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွှင့်ပျံ့အမှုန်း' (အပိုင်း-၆၆)
- ၁၆:၃၅ ချစ်စရာ...မချမ်းသော
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်လရောင်' (အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်' (အပိုင်း-၁၆)

**mitv**

- 07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:12 Great Shwedagon - The Ten Traditional Arts & Crafts
- 07:34 TUK TUK In Myanmar (Pyin Oo Lwin)
- 07:50 Sai Ye Kwan
- 08:01 News
- 08:26 Bravocado Benefits
- 08:49 Healthy Diet: Keto Diet
- 09:01 Discovering Tribes: Pa-O: their life and customs (Part-2)
- 09:36 Well-trained Elephants
- 09:46 Myanmar's Bamboo Hat
- 10:01 News
- 10:27 Myanmar Traditional Food: Mohinga

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁) (သံတော်ရှင်ကျိုက်ထီးရိုး)

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
မျိုးဗုဏ်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၂)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ဆီမီးရောင်ဖြာရွှေလသာ(ဇာတ်လမ်း)

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကွမ်းလုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ပျားမွေးမြူရေး(လူသားတို့ရဲ့ကျေးဇူးရှင်များ)

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
အရောက်လှမ်းခဲ့ပါသွေးချင်းတို့ရဲ့ချစ်စရာကယားမြေ

**ပအိုဝ်း (၁၈:၀၀ မှ ၁၉:၀၀)** [illegible]
သွားပိုးစားခြင်း

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် အဖိမြန်မာပြည်(အပိုင်း-၉)

**ချင်း(လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း(ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ဇိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၁)

**MRTV FARMERS' / H TV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ လယ်ယာစီးပွားလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
- ၀၆:၃၅ ကြံပတ်မှသည်ကုန်ချောနှစ်မျိုးဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ ကိုယ်ရံတော်(ဇာတ်လမ်း)
- ၂၂:၀၀ Suzume (2022) (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / H TV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၂၅ ပညာပေးဇာတ်လမ်း 'ပိုရှိသာသော'

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ကော့ကရိတ်မြို့အတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ အကြမ်းဖက်သမားများက နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့အရပ်သား ပြည်သူနှစ်ဦး လက်နက်ကြီးကျည်ထိမှန်သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အကြမ်းဖက်သမားများက နိုဝင်ဘာ ၂၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ကော့ကရိတ်မြို့အတွင်း လုံခြုံရေးဆောင်ရွက်ပေးနေသည့် တပ်ဖွဲ့ဝင်များအား ကော့ကရိတ်မြို့၏ အရှေ့ဘက် မီတာ ၁၄၀၀ ခန့်အကွာရှိ ဆင်ကုန်းကျေးရွာ သင်္ချိုင်းဘက်မှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးကျည်များသည် ကော့ကရိတ်မြို့ အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ဦးထွန်းရင်၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူနှစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပစ်ခတ်မှုကြောင့် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့်နေရာပြပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ဝသုန်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နေ မြတ်ထွေးကို (ခ) ဝသုန်အား ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “Kyi Pyar Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၃)ရန်ပြေရပ်ကွက်နေ ကြည်ပြာဦးအား ည ၇ နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ “May Myat Noe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှည်းကူးမြို့ သာသနာ့ရိပ်သာရပ်ကွက်နေ မေမြတ်နိုး(ခ) ဂွက်ဂွက်(ခ) ခတီဂျာအား ည ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျိုက်ထိုမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးပွဲ ကျင်းပ

ကျိုက်ထို နိုဝင်ဘာ ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အသိပညာပေးပွဲကို ယနေ့ နံနက် ၁၀ နာရီက အထက(၁)ရာပြည့်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ဆောင်းဟေမာန်ဦးက ပြည်သူလူထုအတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာရပ်များ သိရှိစေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို အခြေပြုကာ ဆောင်ရွက်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဘေးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်ခန်းဖြစ်သည့် ဂိမ်းကစားနည်း ကိုးမျိုးအကြောင်းကို ရှင်းလင်းပြောကြားသည်။

**အသိပညာပေး ဂိမ်းများကစား**

ထို့နောက် ဂိမ်းကစားနည်း ကိုးမျိုးဖြစ်သည့် မီးသတ်ဆေးဘူး အသုံးပြုတတ်စေရန်၊ လက်တွေ့မီးငြှိမ်းသတ်တတ်စေရန်နှင့် မီးနှင့်ပတ်သက်သောဗဟုသုတရရှိစေသောဂိမ်း၊ ကတ်ပြားများ အသုံးပြု၍ မီး၊ လောင်စာနှင့် မီးငြှိမ်းသတ်ရေးပစ္စည်းများ ခွဲခြားသိရှိစေသောဂိမ်း၊ စောင်ကိုအသုံးပြု၍ လူနာသယ်ဆောင်သောထမ်းစင်ပြုလုပ်ရသည့်ဂိမ်း၊ မိမိတို့၏အိမ်သုံးပစ္စည်းများနှင့် အရိုးကျိုးဒဏ်ရာရရှိသူကို ရှေးဦးပြုစုသည့်ဂိမ်း၊ အရေးပေါ် ရေကြီးရေလျှံမှုများ ဖြစ်ပွားသည့်အခါ ပလတ်စတစ်ရေသန့်ဘူးများ အသုံးပြု၍ အသက်ကယ်အင်္ကျီပြုလုပ်သည့်ဂိမ်း၊ ဘေးအန္တရာယ်ကြုံတွေ့လာသည့်အခါ သယ်ဆောင်သွားသင့်သည့်ပစ္စည်းများ စဉ်းစားတတ်စေရန်နှင့် အောင်မြင်စွာကျော်ဖြတ်နိုင်စေရန် အသိပညာပေးသည့်ဂိမ်းများကို ကျောင်းသား ကျောင်းသူများကိုယ်တိုင် ပါဝင်ကစားခဲ့ကြပြီး မွန်းလွဲပိုင်းတွင်လည်း အထက(၂) ကျိုက်ထို၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၂၈၆၀ |
| 95 Ron | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၀၅ | ၂၃၈၅ | ၂၄၈၀ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၇၀ | ၂၉၆၀ |
| HSD (500 ppm) | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၀ | ၂၁၅၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၁၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၇၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၂ | ၂၁၇၈ |
| 95 Ron | ၂၂၃၇ | ၂၃၁၅ |
| HSD (500 ppm) | ၂၀၁၈ | ၂၀၈၇ |
| HSD (50 ppm) | ၂၁၀၄ | ၂၁၇၆ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြင်ပအလင်းရောင်ကို
အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံတွေကို နောင်မျိုးဆက်သစ်တွေ အသုံးချနိုင်ဖို့အတွက် ရည်ရွယ်ရေးသားခဲ့တာပါ

**တွေ့ဆုံမေးမြန်း - လင်းရာမ**

**ဓာတ်ပုံ - ကိုထက်**

ရန်ကုန် နိုဝင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူအား တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ဘာသာရပ် -စာပဒေသာ**

**စာရေးသူ-ဝေလွင်မောင်**

**စာအုပ်အမည်- ကိုယ်နှင့် သက်ကို နှင်းဆက်လို၍....**

၂၀၂၁ ခုနှစ် ကိုဗစ်ဒုတိယလှိုင်းကာလ(ဇူလိုင်လကုန်ရက်ပိုင်း)မှာ အခုဆုရတဲ့ စာအုပ်ကို စတင် ရေးသားဖြစ်တာပါ။ ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံတွေကို နောင်မျိုးဆက်သစ်တွေ အသုံးချနိုင်ဖို့အတွက် ရည်ရွယ်ရေးသားခဲ့တာပါ။ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်မှာ တတိယအဆင့် မူကြမ်းအထိ ပြီးစီးခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ မြဝတီစာပေတိုက်ကနေ ထုတ်ဝေခဲ့ပါတယ်။

စာအုပ်ထဲမှာတော့ အရေးပါသော ဤနေရာ (ရန်ကုန်တိုင်း ဒုတိယတိုင်းမှူး ဘဝအတွေ့အကြုံ)၊ ဇာတိချက်ကြွေမွေးရပ်မြေ၊ နောင်တစ်ခေတ်၏ အောင်စစ်သည် (စစ်တက္ကသိုလ်ဗိုလ်လောင်းဘဝ)၊ ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း (စစ်မြေပြင်အတွေ့အကြုံများ)၊ ဦးစီးတာဝန်အရာရှိ အတွေ့အကြုံ၊ ခြေလျင်တပ်ရင်းမှူးဘဝ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်ထောက်ချုပ်နှင့် ကာကွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့ရသည့် အတွေ့အကြုံများ၊ စာရေးသူ၏ မိသားစုဘဝ၊ ဘဝဆိုသည်မှာ ချီ၊ တိုက်၊ ခံ၊ ခွာ ဆိုပြီး လူ့ဘဝ၏ခွာစစ်တွင် လောကီရေးရာနှင့် လောကုတ္တရာရေးရာ နှစ်မျိုးစလုံးတွင် အောင်မြင်စွာ ခွာစစ်ဆင်နိုင်ရန် ရေးသားထားခြင်းဖြစ်ပါတယ်။



စာရေးဆရာ ဝေလွင်မောင်

၂၀၀၁ ခုနှစ် စက်တင်ဘာလထုတ် စစ်ပညာဂျာနယ်မှာ မြေပုံတင် ရှင်းလင်းတင်ပြခြင်း ဟူသောဆောင်းပါးနဲ့ စာပေလောကကို စတင်ရောက်ရှိခဲ့ပါတယ်။ ၂၀၀၂ ခုနှစ် ဧပြီလမှာ နွယ်နီမဂ္ဂဇင်းမှာ လစဉ်ရေးသားခဲ့တဲ့ ဆောင်းပါးတွေကို စုစည်းပြီး အကြမ်းဖက်မှုဆိုသည်မှာနှင့် ပြောင်းလဲလာသော နိုင်ငံတကာရေးရာ ပုံရိပ်များအမည်နဲ့ လုံးချင်းစာအုပ် စတင်ထုတ်ဝေခဲ့ပါတယ်။ ရသနဲ့ သုတ စာပေဆိုပြီး နှစ်မျိုးရှိတဲ့အနက်မှာ သုတစာပေကို ပိုပြီးရေးသားဖြစ်ပါတယ်။ လက်ရှိအချိန်အထိ စာအုပ်ပေါင်း ၁၁ အုပ် ထုတ်ဝေပြီး ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ စာအုပ်တစ်အုပ် ထပ်မံထုတ်ဝေဖို့ ဆောင်ရွက်နေပါတယ်။

အခုလို အမျိုးသားစာပေဆုရရှိလို့ အလွန်ပင် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီစာအုပ်အတွက် စာပေဆုချီးမြှင့်ခံရခြင်းဟာ ကျွန်တော်တစ်ဦးတည်း ရရှိတာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိတစ်ပုဒ်ဖြစ်စေရန် မွေးဖွားပေးခဲ့တဲ့ ကျေးဇူးရှင် အဖေနဲ့ အမေ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ အတူလက်တွဲတိုက်ပွဲဝင်ခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေ၊ ကျဆုံး/ဒဏ်ရာရရှိခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေရဲ့ သွေးသားဝိညာဉ်တွေအတွက် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်တဲ့ အမျိုးသားစာပေဆုလို့ ခံစားမိပါတယ်။

နည်းပညာတိုးတက်လာတဲ့ ကနေ့ခေတ်မှာ Hard Copy စာအုပ်တွေအတွက် ထုတ်ဝေနိုင်ဖို့နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုနိုင်ဖို့ အားဖြည့်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ စာအုပ်ထုတ်ဝေရာမှာ ရန်ကုန်ပတ်လည် အုပ်ခြောက်ဆယ်လို့ပင် ဆိုစမှတ်ပြုနေကြပါတယ်။ မြန်မာတို့ရဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မြန်မာတို့ရဲ့ ယဉ်ကျေးမှုစရိုက်လက္ခဏာတွေ၊ ဓလေ့ထုံးစံတွေနဲ့ မြန်မာစာပေကို ချစ်မြတ်နိုးဖို့၊ တန်ဖိုးထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးဖို့ မြန်မာစာပေကို ချစ်မြတ်နိုးစို့လို့ လူငယ်တွေကို တိုက်တွန်းလိုပါတယ်။

စာရေးဆရာ ဝေလွင်မောင်သည် အဖ ဦးမြသန်းနှင့် အမိ ဒေါ်တင်တင်တို့၏ မွေးချင်းခြောက်ဦးအနက် သားအကြီးဆုံးဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ယိုးဒယားတက်ကျေးရွာ၌ ၁၉၅၄ ခုနှစ် နိုဝင်ဘာလတွင် မွေးဖွားခဲ့သည်။ ငါးသိုင်းချောင်းမြို့နှင့် ဟသ်ာတမြို့ အထက်တန်းကျောင်းများတွင် အခြေခံပညာရပ်များ သင်ကြားခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ပုသိမ်ကောလိပ်၌ ရူပဗေဒအဓိကဘာသာရပ်ကို ဆည်းပူးလေ့လာခဲ့သည်။

၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၈)သို့ တက်ရောက်ခဲ့ပြီး တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိ ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ၁၉၇၇ ခုနှစ်မှစ၍ တပ်မတော်တွင် ခြေလျင်တပ်စုမှူး၊ တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ ဒုတိယကျောင်းအုပ်ကြီး၊ စစ်တက္ကသိုလ်ဌာနကြီးမှူး (အုပ်ချုပ်ရေးရာနှင့် စီးပွားရေးရာဌာန)၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ ဒုတိယတိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်၊ စစ်ထောက်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဗိုလ်မှ အငြိမ်းစားယူသည်အထိ နှစ်ပေါင်း ၄၀ ကျော်ခန့် တာဝန်အမျိုးမျိုး ထမ်းဆောင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် ဇူလိုင်လတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကော်ဟိုလွယ်နယ်မြေအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီအင်အား ၈၀၀ ခန့်နှင့် ဖြစ်ပွားသောတိုက်ပွဲတွင် ရဲဘော်ရဲဘက် စိတ်အပြည့်အဝဖြင့် စစ်ကူလိုက်၍ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့မှုကြောင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်ခြင်းခံခဲ့ရသည်။ နိုင်ငံတော်နှင့် တပ်မတော်၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သဖြင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်က သီရိပျံချီဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် B.Sc (D.S.A) နှင့် ၂၀၀၁ ခုနှစ်တွင် M.A(Defence Studies) ပညာရေးဆိုင်ရာဘွဲ့များ ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် တပ်မတော်မှ သက်ပြည့် အငြိမ်းစားယူခဲ့သည်။

မြေပုံတင် ရှင်းလင်းတင်ပြခြင်း၊ အကြမ်းဖက်မှုဆိုသည်မှာနှင့် ပြောင်းလဲလာသော နိုင်ငံတကာရေးရာပုံရိပ်များ၊ လွှတ်တော်အတွင်း ဖြတ်သန်းခဲ့သော ကျွန်တော်၊ အမှားတော်များ၏ အမှာတော်ပုံ၊ သိက္ခာအပြုံး၊ နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ၊ သားနှင့်အတူ မိုင်ပေါင်းကုဋေ၊ စစ်သားမဟုတ်သော စစ်ဗိုလ်၊ စစ်ဗိုလ်မဟုတ်သော စစ်သား၊ အရှင်ဝိဝေကာနန္ဒနှင့် လောကီရေးရာ စာစုများ၊ ကိုယ်နှင့်သက်ကို နှင်းဆက်လို၍၊ နှုတ်မှုရေးရာအနုပညာ၊ ပရိသတ်ဗဟိုပြုဟောနည်း၊ ပြောနည်း၊ စည်းရုံးနည်းစာအုပ်များထုတ်ဝေခဲ့သည်။

ဆရာဝေလွင်မောင်သည်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ဆွေဆွေဦးနှင့် အတူ သား၊ သမီး၊ ချစ်မြေးမိသားစုများဖြင့် နေပြည်တော်တွင် နေထိုင်လျက်ရှိပြီး အမည်ရင်းမှာ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် (ငြိမ်း) ဖြစ်သည်။

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၂

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ်(၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ၂၇၈ ဦးအား ပူဇော်ကန်တော့ရန်အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၁၅၀၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်(ငြိမ်း) (အမျိုးသားစာပေဆုရ စာရေးဆရာဝေလွင်မောင်)-သီရိသုဓမ္မသိင်္ဂီ ဒေါ်ဆွေဆွေဦး မိသားစုက အလှူငွေကျပ် ၁၅ သိန်း၊ စာပေပညာရှင်ဆရာကြီးဒေါက်တာသန်းဦး(ပြည်စိုးမင်း) (ဦးသန်းဦးဖောင်ဒေးရှင်း)က ငွေကျပ် ၁၀ သိန်း၊ ဦးဇာလီဝင်းစော -ဒေါ်ခင်နှင်းဖြူ(ဗိုလ်ချုပ်စျေး)က ငွေကျပ်သုံးသိန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၂၂၀၀၀၀၊ ဝဏ္ဏကျော်ထင်ဦးသိုက်ထွန်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည်(မိသားစု)နှင့် စာရေးဆရာ အကြီးကိုကို (ကသာ)တို့က ငွေကျပ်နှစ်သိန်းစီ၊ ဆရာဝန်တင်ရွှေမိသားစု၊ စာရေးဆရာဖိုးကျော့-ဒေါ်ကြူကြူဝင်း၊ ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်အောင် (ဝါးခယ်မ)နှင့် ပန်းဘဲတန်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာရေးဆရာအသင်းနှင့် မော်လမြိုင်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးလှမြင့်(လှမြင့်-ဂန္ဓမာ)၊ မော်လမြိုင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်လင်း (ကျော်လင်း-ဒိုင်းဝန်ကွင်း)နှင့် စာရေးဆရာမ မနွယ်(ကလော)တို့က ငွေကျပ်နှစ်သောင်းစီ၊ ဒေါ်ကြည်ကြည်ဝင်းဇော် (ဒဂုံကြည်ဇော်)နှင့် ဒေါ်ဆွေဆွေဝင်း (မေစိုးရယ်)တို့က ငွေကျပ်တစ်သောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊



အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်ကြည် (အောင်ကြည်ညွန့် -တက္ကသိုလ်) တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် GW-11 မိုးစပါးများ ရိတ်သိမ်း

မြစ်ကြီးနား နိုဝင်ဘာ ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မော်ဖောင်း(၁)ကျေးရွာရှိ ငါးအိုးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးချစ်ရွှေပိုင် လယ် ၁၈ ဧကတွင် GW–11 စပါးမျိုး ငါးဧကစံကွက် ရိတ်သိမ်းမှုအခြေအနေကို နိုဝင်ဘာ ၂၀ ရက်က ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီမှ ဦးတိုးတိုးထွန်း၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ လိုက်ပါ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ GW–11 စပါးခင်းများ စံကွက်ရိတ်သိမ်းမှုကို ကောင်း၊ သင့်၊ ညံ့ စံကွက်ခွဲ၍ ရိတ်သိမ်းဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှစပါးတင်း ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

# ဘားအံမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာအဆင့် စကားရည်လုပြိုင်ပွဲကျင်းပ

ဘားအံ နိုဝင်ဘာ ၂၂

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာအဆင့် စကားရည်လုပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ပြိုင်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စကားပြောနည်းအမျိုးမျိုးအနက် စကားရည်လုပြောဆိုရခြင်းသည် အခြားပြောဆိုခြင်းများထက်ပိုမိုခက်ခဲပြီး စကားလုံးပြောင်မြောက်ခြင်း၊ စကားအသုံးအနှုန်း ကောင်းမွန်ခြင်း၊ လှုပ်ရှားတက်ကြွသော ဟန်အမူအရာရှိခြင်း၊ အင်အားကောင်းသောစကားလုံးများနှင့် ချက်ကျလက်ကျ ပီပီပြင်ပြင် ပြောဆိုနိုင်ခြင်းအပြင် ပရိသတ်၏ ခံစားချက်နှင့်အတွေးကို မိမိဘက်သို့ပါအောင် ဆွဲဆောင် ပြောဆိုနိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း၊ စကားပြောစွမ်းရည် ထက်မြက်လာရန် စကားရည်လုပွဲများကျင်းပခြင်းဖြင့် မြန်မာစာပေကို ချစ်မြတ်နိုးကာ မြန်မာစာအခြေခံခိုင်မာပြီး ကျွမ်းကျင်စွာ တတ်မြောက်၍ လက်တွေ့ဘဝတွင်လည်း ပိုမိုအကျိုးဖြစ်ထွန်းစေမည့် အပြောစွမ်းရည်ရရှိစေရန် ကျောင်းသားလူငယ်များ၏ လေ့လာသင်ယူမှုကို မြှင့်တင်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် အခြေခံပညာအဆင့် စကားရည်လုပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ်ဆောင်ရွက်မည့် ဒိုင်အဖွဲ့များနှင့် မိတ်ဆက်တင်ပြပြီး စကားရည်လုပြိုင်ပွဲကို ကျင်းပရာ ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီ၊ သံတောင်ကြီး၊ ဖာပွန်မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား Cell Phone ကိုင်ဆောင်ခွင့်ပြုသင့်သည်၊ တစ်ဦးချင်း ခရီးသွားခြင်းသည် အဖွဲ့လိုက်ခရီးသွားခြင်းထက် ပိုကောင်းသည်၊ Social Media သည်စိတ်ကျန်းမာရေးကိုထိခိုက်စေသည်၊ အွန်လိုင်းသင်ယူခြင်းသည် သမားရိုးကျ စာသင်ခန်းသင်ကြားခြင်းကဲ့သို့ ထိရောက်မှုရှိသည် ခေါင်းစဉ်များဖြင့် အဆိုနှင့်အချေကို စကားရည်လုယှဉ်ပြိုင်ခဲ့ကြသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ယင်းနောက် အမှတ်(၁၀)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများက တို့ချစ်တဲ့ မြန်မာပြည်သီချင်း၊ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက သွေးချင်းတို့မြေ သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စကားရည်လုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က စကားရည်လုပြိုင်ပွဲတွင် တစ်ဦးချင်းအကောင်းဆုံးဆု၊ အဖွဲ့လိုက် အကောင်းဆုံးအဆိုရှင်ဆုနှင့် အဖွဲ့လိုက် အကောင်းဆုံးအချေရှင်ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## လူငယ်ရေးရာ

### မိုင်းဖြတ်မြို့နယ် အထက(ဟိုနား)၌ လူငယ်စကားဝိုင်းကျင်းပ

မိုင်းဖြတ် နိုဝင်ဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ဟိုနား)၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ဟိုနား) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံရန် လိုအပ်ကြောင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်ကိုယ်ကျင့်တရား" ၊ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်ကဏ္ဍ မြှင့်တင်စို့"၊ "လူငယ် နှင့် စည်းကမ်း"၊ "ယနေ့လူငယ် နောင်ဝယ်လူကြီး" စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြရာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စိန်တို့က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စကားဝိုင်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းသိကောင်းစရာများ၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း သိကောင်းစရာများ၊ နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲများကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



### ရွှေပြည်သာမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ရည်မွန်(မရည်မွန်-ကျုံပျော်)က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ကျောင်းသား ကျောင်းသူများအနေဖြင့် တခ်နုပ္ပတ္တိဉာဏ်များ ရင့်သန်ဖွံ့ဖြိုးလာစေရန်၊ အသိပညာဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ အနာဂတ်နိုင်ငံတော်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် စွမ်းရည်ထက်မြက်သည့် လူငယ်များ ပေါ်ထွက်လာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးချိုဝင်း (ချိုပန်းချီ-ပညာရေး)က ဗဟုသုတပြည့်ဝဖို့ စာဖတ်ကြစို့၊ လမ်းပြကြယ်စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဦးမိုးလွင်က စာကြည့်တိုက်မှာ ပညာရှာခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ငါးဦးတို့က မူးယစ်ရန်စွယ် တို့ကာကွယ်၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့၊ ပညာရဲရင့် ပွဲလယ်တင့်၊ ယနေ့လူငယ် နောင်ဝယ်လူကြီး စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)၌ ဗလငါးတန်ဖွံ့ဖြိုးရေး ပြိုင်ပွဲကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တွင်၂၀၂၂-၂၀၂၃ ပညာသင်နှစ် လေ့ကျင့်ရေးကာလအတွင်း နိုဝင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ဉာဏ်စမ်းပဟေဠိ၊ လူငယ်စကားဝိုင်း၊ စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများ ကျင်းပရခြင်းမှာ နိုင်ငံ့သားကောင်းရတနာ တိုင်းရင်းသားလူငယ်များ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ စသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးသိမ်မွေ့သော လူငယ်များ ဖြစ်လာစေရန်၊ နိုင်ငံနှင့်လူမျိုးကို




ချစ်မြတ်နိုးတတ်စေရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးကာ လူငယ်တို့အနာဂတ်ဘဝ ပိုမိုမြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသည်။ ပြိုင်ပွဲများတွင် မေဂျာအသီးသီးမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**ကော့သောင်း နိုဝင်ဘာ ၂၂**

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ပို့ကုန်တန်ချိန် ၁၇၀၈ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၂ သန်း)နှင့် သွင်းကုန်တန်ချိန် ၃၅၂ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၄ သန်း)ဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ ၁ ဒသမ ၇၉၆ ဒေါ်လာသန်းဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ပုစွန်တန်ချိန် ၁ ဒသမ ၈၀၊ ရေဘဝဲ တန်ချိန် သုည ဒသမ ၃၂၀၊ ငါးဝိုင်းတန်ချိန် ၁၉ ဒသမ ၅၂၀၊ ငါးမုတ်မည်း တန်ချိန် ၂ ဒသမ ၆၄၀၊ ဘောင်းကြေးငါး တန်ချိန် ၆ ဒသမ ၆၄၀၊ ငါးချဉ်ပေါင် တန်ချိန် ၈၃ ဒသမ ၉၉၀၊ ပလာလန်းငါး တန်ချိန် ၅၃ ဒသမ ၃၃ တန်၊ တာတိုငါးတန်ချိန် ၆၆ ဒသမ ၀၃ တန်၊ ငါးမည်းလုံး တန်ချိန် ၇၆ ဒသမ ၁၄၀ နှင့် ပလာတူးခက်ငါးတန်ချိန် ၃၆၆ ဒသမ ၅၆၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဓာတ်ဆီ တန်ချိန် ၃၀၊ ပီလောပီနံမှုန့်တန်ချိန် ၃၀၊ အိုင်အိုဒင်းဆား ၂၆၂ တန်နှင့် ၄က်သိုက် တန်ချိန် နှစ်တန်တို့ဖြစ်ကြောင်း သိရသည်။

ယနေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၃၀ ဒသမ ၉၃ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၉၇ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**စစ်တွေ နိုဝင်ဘာ ၂၂**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၉၂ သန်းရှိကြောင်း သိရသည်။

ပို့ကုန်ပစ္စည်းများအနေဖြင့် ချင်း(အစို) ရှစ်တန်၊ ငါးမြစ်ချင်း(၁-၂) ၁၅ ဒသမ ၈၈၈ တန်၊ ငါးမြစ်ချင်း(၂-၃) ၁၀ ဒသမ ၇၅၂ တန်နှင့် ငါးမြစ်ချင်း (၃-၅) ၂၄ ဒသမ ၂၄၀ တန် တင်ပို့နိုင်ခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၂၃ တာကာနှင့် တစ်တာကာလျှင် ငွေကျပ် ၂၇ ဒသမ ၇၀ ဖြစ်ကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# ရွှေဘိုခရိုင်အတွင်း မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ရွှေဘို နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်သည် စပါးသီးနှံကို အဓိက စိုက်ပျိုးသော ခရိုင်တစ်ခုဖြစ်ရာ နှစ်စဉ်မိုးစပါးစိုက်ဧက သုံးသိန်းကျော်နှင့် ဆည်ရေရရှိသည့်အပေါ်မူတည်၍ နွေစပါးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက်ဧကများနှင့် စိုက်ပျိုးသော စပါးမျိုးများမှာ ရွှေဘိုပေါ်ဆန်းစပါး ၂၁၈၃၄၄ ဧက၊ ရေမင်းစပါး ဧက ၆၅၇၅၀၊ မနော်ဟရီစပါး ၂၃၆၅၄ ဧက၊ IR-747 စပါး ၁၇၅၃၂ ဧက၊ ရွှေသွယ်ရင်စပါး ၂၁၆၁၇ ဧကနှင့် ဆင်းသုခစပါး ၁၃၂ ဧက စုစုပေါင်းစိုက်ဧက ၃၄၇၀၂၉ ဧက စိုက်ပျိုးထားရှိကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စီမံကိန်းစာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။



ရွှေဘိုခရိုင်တွင် မိုးစပါးများကို စိုက်ပျိုးထားရှိပြီး စိုက်ပျိုးမှုအနေဖြင့် ပျိုးထောင် စိုက်ပျိုးခြင်းနှင့် ကြဲပက်စိုက်ပျိုးခြင်းဟူ၍ နည်းလမ်းနှစ်မျိုးဖြင့် စိုက်ပျိုးကြရာ ပျိုးထောင်စိုက်ပျိုးခြင်း ၂၁၉၅၀၄ ဧကနှင့် ကြဲပက်စိုက်ပျိုးခြင်း ၁၂၇၅၂၅ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပျိုးထောင်၍ စိုက်ပျိုးရာတွင် ဇွန်လ၌ စတင်ပျိုးထောင်၍ ဇူလိုင်လဆန်းတွင် စိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စပါးစိုက်တောင်သူဦးကြီးများအနေဖြင့် စပါးအထွက်နှုန်းများ ယခင်နှစ်ထက် ပိုမိုထွက်ရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

# ဆိပ်ဖြူမြို့နယ်၌ (မိုး)ကြက်သွန်နီ ဥစိုက်များ စိုက်ပျိုးထားရှိ

**ဆိပ်ဖြူ နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။

စိုက်ပျိုးရေး လုပ်ငန်းအနေဖြင့် ကြက်သွန်နီသီးနှံကို အဓိကထား၍ စိုက်ဧကအများဆုံးစိုက်ပျိုးကြပြီး မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မိုးနှောင်းရာသီဖြစ်သော အောက်တိုဘာလမှစ၍ နိုဝင်ဘာလလယ်အထိ ကြက်သွန်နီ(ဥ)စိုက်များကို ဆိပ်ဖြူမြို့၏ ရေဝတီမြစ်နှင့် ယောချောင်းဆုံရာ မြစ်ရိုးတစ်လျှောက်ရှိ မြို့ပေါ်(၄)ရပ်ကွက်နှင့် ကိုးထောင့်အုပ်စု၊ ကမ္ဘားကြီးအုပ်စု၊ ချင်တောင်အုပ်စု၊ အောက်ဆိပ်အုပ်စု၊ မြင်ကဝအုပ်စုရှိ ကျေးရွာများမှ မြစ်ရေဝင်ကိုင်းကျွန်းမြေများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

လက်ရှိအချိန်၌ နွေကြက်သွန်နီ(ပင်စိုက်)များ ရောင်းဝယ်ချိန် ရာသီကုန်ဆုံးကာနီးတွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာသဖြင့် ကြက်သွန်နီစိုက်ပျိုးသည့် ဒေသခံတောင်သူများမှာ ယခင်နှစ်ထက် ကြက်သွန်နီစိုက်ပျိုးမှု ပိုမိုများလာသည့်အတွက် စိုက်ဧက များပြားလာကြောင်း၊ စိုက်ပျိုးသည့် မျိုးဥအနေဖြင့် အရည်အသွေးကောင်းမွန်၍ အထားခံသည့် အခွံထူ ရွှေဖလား(ထိပ်မောက်)မျိုး၊ ကျမ်းကျွံနှင့်ဇော်မွှားမျိုးများကို စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီမျိုးဥ စိုက်ပျိုးမှုစရိတ်မှာ ကျပ်သိန်း ၃၀ ကုန်ကျပြီး ရာသီဥတုကောင်းမွန်၍ အထွက်နှုန်းကောင်းမွန်ပါက ကြက်သွန်နီစိုက်ပျိုးတောင်သူများအနေဖြင့် အကျိုးအမြတ်များစွာရရှိရန် မျှော်လင့်ကြောင်း၊ လက်ရှိအချိန်၌ ဆိပ်ဖြူမြို့နယ်တွင် ကြက်သွန်နီဥစိုက်များ စိုက်ပျိုးထားရှိကြောင်း သိရသည်။

# တိုက်ကြီးမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးမှု အခြေအနေ

**တိုက်ကြီး နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်သည် သီးနှံအမျိုးအစားမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးသော မြို့နယ်တစ်မြို့ဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုကာလ ဆောင်းရာသီတွင် မတ်ပဲသီးနှံ စိုက်ပျိုးထားရှိမှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မတ်ပဲသီးနှံ စိုက်ပျိုးရန် ၃၂၉၇၄ ဧက လျာထားရာ ၃၃၉၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်းပေါင်း ၅၇၂၄၇၆ တင်း ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၈၄ ရာခိုင်နှုန်း ထွက်ရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မတ်ပဲသီးနှံ တစ်နှစ်ပတ်လုံး စိုက်ဧက ၃၂၉၇၄ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလဆန်းမှ စတင်၍ စိုက်ပျိုးခဲ့ရာ အောက်တိုဘာလကုန်အထိ ၁၀၄၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် တိုက်ကြီးမြို့နယ်သည် ဆောင်းမတ်ပဲကိုသာ အဓိကထား၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

### ၂၂.၁၁.၂၀၁၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲပါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၇၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၅၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၄၆၅၀ | ၁၆၀၀၀ | ၅၂၉၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၈၅၀၀ | ၈၃၀၀ | ၈၀၀ | ၈၂၀၀ | ၆၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၇၀၀၀ | ၄၂၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၆၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၆၅၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၃၈၀၀ | ၁၄၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၈၀၀ | ၄၃၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | | ၁၃၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၅၀ကျပ်၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ မော်လမြိုင်တွင် ၁၅၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၂၅၀ကျပ်၊ မြိတ်တွင် ၁၀၀ကျပ်၊ မကွေးတွင် ၂၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ရန်ကုန်တွင် ၃၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ငရုတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်တွင် ၁၀၀၀ကျပ်၊ မုံရွာတွင် ၂၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် မကွေးတွင် ၅၀၀ကျပ်၊ ပျဉ်းမနားတွင် ၂၀၀ကျပ် ဈေးကျခဲ့ပါသည်။






## မကွေးတက္ကသိုလ်၌ ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် ဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဆင်းစာတမ်းဖတ်ပွဲ ကျင်းပ

**မကွေး နိုဝင်ဘာ ၂၂**

မကွေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ၁၉-၁၂-၂၀၂၂ ရက်မှ စတင်ဖွင့်လှစ်သည့် ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် ဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဆင်းပွဲနှင့် စာတမ်းဖတ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ မကွေးတက္ကသိုလ် သုတေသနစင်တာ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာမှ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မကွေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၈၀ တက်ရောက်ကြပြီး သင်တန်းသား သင်တန်းသူများက သင်တန်းဆင်း စာတမ်း ခုနစ်စောင် ဖတ်ကြားတင်သွင်းကြသည်။

**သတင်းစဉ်**

## တန်ဆောင်တိုင်ည တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်သူများအပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် "တန်ဆောင်တိုင်ည" တေးဂီတဖျော်ဖြေပွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်(သောကြာနေ့) ည ၉ နာရီခန့်တွင် MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ထပ်မံပြသမည်**

အဆိုပါအစီအစဉ်တွင်မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင် သန်းမြတ်စိုး၊ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီရန်အောင်နှင့် တေးသံရှင်များဖြစ်ကြသည့် အောင်စိုးမိုး၊ စိုးညီညီ၊ လွင်အောင်၊ သွန်းရွှေလျှံ၊ သက်မှူးခင်၊ ရဲရင့်ဝေလွင်၊ နန်းစန္ဒီ၊ နှင်းဝတ်ရည်နှင့် ဖူးကေရီဆောင်းတို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ဇီးကုန်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်



**ဇီးကုန်း နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ညီလာခံ(၂၀၂၃)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၂၂ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများသည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့နှင့် ပူးပေါင်း၍ ဆိတ်ဖူးကျင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် သက်ကြီးရွယ်အို ၈၉ ဦး၊ ငါးနှစ်အောက်ကလေး ၅၃ ဦးတို့အား အာဟာရကျွေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စစ်ဆေးစောင့်ရှောက်မှုပေးခြင်း၊ ကံကြီးကျေးရွာ၌ ငှက်ဖျားဖြစ်နိုင်ချေရှိသောသူ ၆၄ ဦးအား ငှက်ဖျားသွေးဖောက်စစ်ဆေးခြင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံတွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အထူးကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများ၊ မိခင်ကလေးဌာနတွင် ကိုယ်ဝန်ဆောင်များအား အာဟာရပြည့်ဝစွာ ချက်ပြုတ်ပြင်ဆင်စားသုံးရေး သရုပ်ပြခြင်းနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း၊ အထက ဇီးကုန်း၌ ကျောင်းကျန်းမာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဟာသမြို့တော် ရယ်စရာ တစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်




**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာတစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိပြီး ယခုအပတ်တွင် "အောင်မြင်မှုကို ရယူမယ်"ခေါင်းစဉ်ဖြင့် တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်၍ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ကောင်းဆက်၊ ဖြူဖွေး၊ ဦးတိမ်ညွန့်၊ မတူး၊ ကြယ်စင်လင်းနှင့် ဟာသပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းအစီအစဉ်ကို MRTV-HD Channel မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

